မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၆ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၇၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုဂံညောင်ဦးရှိ ဘုရားများ လှည့်လည်ဖူးမြော်ကြည်ညို

ရုပ်တော်မှုဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာနန္ဒာဘုရား အနောက်ဘက်မုခ်ရှိ ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၅

မန္တလေးတိုင်း ပုဂံညောင်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာ ၁၄ရက် ညပိုင်းတွင် ပုဂံညောင်ဦးရှိ ဘုရားများအား လှည့်လည်ဖူးမြော် ကြည်ညိုသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လောကနန္ဒာစွယ်တော်ဘုရားသို့ ရောက်ရှိကြပြီး ဘုရားအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

လှည့်လည်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် လောကနန္ဒာ စွယ်တော်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး ဘုရားအား လက်ယာရစ် လှည့်လည်ကြည်ညိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည်

နေပြည်တော် ဒီဇင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်သည် မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင် ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည်ဖြစ်သည်။

(သတင်းစဉ်)

ထူးခြားသည့်ညအပူချိန် ၁၅-၁၂-၂၀၀၉

ဟားခါးမြို့	-၂	ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၀	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၄	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၄	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၅	ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၅	ဒီဂရီစင်တီဂရိတ်

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၆ ရက်)

ပြည်ထောင်စုတစ်ဝန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဖော်ဆောင်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ဝေးလံခေါင်သီသော နယ်စပ်အစွန်အဖျားဒေသများပါမကျန် ကားလမ်း၊ ရထားလမ်းနှင့် တံတားများကို ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိသည်။

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး ဧရာဝတီတံတား(စင်းခန်း) တည်ဆောက်ရေးစီမံကိန်းသို့ ဒီဇင်ဘာလ ၁၂ရက်နေ့ကရောက်ရှိခဲ့သော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "မိမိတို့၏ ညီအစ်ကိုမောင်နှမသွေးချင်းသားချင်း တိုင်းရင်းသားများအကြား ဆူကြံ့နှိမ့်မြင့်ကွာဟချက်များ နည်းနိုင်သမျှနည်းစေရမည်၊ ပြည်ထောင်စုကြီး၏ ဒေသအသီးသီး မြန်မြန်ဆန်ဆန် မျှမျှတတဖွံ့ဖြိုးလာစေရမည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံစေတနာဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို အလေးထား အကောင်အထည်ဖော်သွားကြရန် အရေးကြီးကြောင်း" လမ်းညွှန် မှာကြားခဲ့ပေသည်။

ကသာနှင့်ဗန်းမော်ဒေသသည် အဓိကဆက်သွယ်ရေးလမ်းမကြီးများနှင့် တိုက်ရိုက်ထိတွေ့ ဆက်စပ်ခြင်းမရှိဘဲ အလှမ်းဝေးသောဒေသများ၊ ချောင်ကျသောဒေသများအဖြစ် နှစ်ကာလရှည်ကြာစွာ ဖြစ်တည်ခဲ့သည်။ နိုင်ငံတော်အစိုးရသည် မန္တလေး-တကောင်း-ဗန်းမော်ကားလမ်းကို ဖောက်လုပ်ပေးနေပြီး ကသာ-ဗန်းမော်ရထားလမ်းနှင့် ဧရာဝတီမြစ်ကူးတံတား(စင်းခန်း)တို့ကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။

ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းနှင့် ခေတ်မီဆက်သွယ်ရေးဆက်ကြောင်းများကို တိုးတက်ကောင်းမွန်ရန် တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ဒေသတစ်ခုနှင့်တစ်ခုအကြား သွားလာမှုမှာ လွယ်ကူမြန်ဆန်ပြီး တိုင်းရင်းသားများအကြား ပိုမိုထိတွေ့ ဆက်ဆံလာနိုင်သည့်အပြင် ကုန်စည်စီးဆင်းမှုပါ သွက်လက်မြန်ဆန်လာကာ သက်ဆိုင်ရာဒေသများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

နိုင်ငံတော်အစိုးရသည် စင်းခန်းတံတားအပြင် အခြားဧရာဝတီမြစ်ကူးတံတားများဖြစ်သည့် မလွန်တံတား၊ ပခုက္ကူတံတားနှင့် ညောင်တုန်းတံတားများကို တစ်ပြိုင်နက်နီးပါး ပြီးစီးရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများကို ဘက်ပေါင်းစုံမှ ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ အခိုင်အမာ တိုးချဲ့တည်ဆောက်နိုင်သည်နှင့်အမျှ နိုင်ငံ၏တိုးတက်မှု ရှေ့အလားအလာများ ပိုမိုအားကောင်း ခိုင်မာလာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ မဉ္ဇူလမ်းသွယ်(၃)နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးဘချို (အငြိမ်းစား၊ တိုင်းဆက်သွယ်ရေးအင်ဂျင်နီယာ) အသက်(၈၈)နှစ်အားရည်စူး၍ ကျန်ရစ်သူ သားသမီး၊ မြေးတစ်စုတို့က ဆွမ်းပဒေသာပင် ငွေကျပ် ၁၀၀၀၀၀နှင့် ငွေကျပ် ၅၈၅၀၀၀တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စီးပွားရေးတက္ကသိုလ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

၁၉၆၆-၁၉၇၀ စာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ရက်(စနေနေ့) နံနက် ၈နာရီတွင် Western ParkI (သခင်မြပန်းခြံ)၌ကျင်းပမည်ဖြစ်ရာ ၁၉၆၆-၁၉၇၀စာသင်နှစ်မှ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၃၇၉၆၂၊ ၀၁-၇၂၁၅၇၀၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၁၁၃၁၉၅၊ ၀၁-၂၉၆၅၆၅၊ ဒေါ်သိုမီကြည် ဖုန်း-၀၉-၅၀၀၃၀၉၂၊ ၀၁-၅၈၀၂၅၈နှင့် ဒေါ်ဆွေတင်ဝင်း (မန္တလေးမြို့) ဖုန်း-၀၂-၃၆၉၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၁၆-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၅။ မေးမြန်းစူးစမ်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၃၀ ၉။ ကျန်းမာသုတ
- ၅း၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ Mail Box
- ၆း၃၅ ၁၄။ ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၃၁)
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၂၉)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ အိုင်စီတီသုတ
- ၂၂။ ရယ်ရွှင်စရာဟာသပဒေသာ **ရှာမှရှား ပရိဂျူဆာမင်းသား** အရိုင်း၊ ကင်းကောင်၊ ၄က်ပျော ကြော်၊ မိုးယုစံ၊ ကစ်ကစ် (ဒါရိုက်တာ-ရဲဝင်းနီ)
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၁၂)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အရှေ့ဘက်ကမ်းရပ်ကွက် သခင်လှမြိုင်လမ်း ကတ္တရာလမ်းသစ်ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၄ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အထက(၃) တာမွေ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန် တပ်ကလပ်အခလွတ်တန်းမြင့်ကျောင်း [အထက(၃)တာမွေ] ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၃) တာမွေ အားမာန်ခန်းမ၌ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးဘကျော်အမှူးပြုသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်၍ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဦးတင်မောင်လှ ဖုန်း-၆၆၃၀၇၈၊ ဦးစိုးနိုင် ဖုန်း-၅၄၃၇၃၁၊ ဦးစိန်မြင့်ဖုန်း-၅၄၃၈၀၅၊ ဒေါ်စမ်းစမ်းယဉ် ဖုန်း-၅၄၁၇၀၃၊ ဦးတင်အေး-ဒေါ်ကြလှ ဖုန်း-၅၄၆၆၄၂ နှင့် ဦးလှတင် ဖုန်း-၀၉-၈၆၁၇၁၁၄တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြောက်ဥက္ကလာ အထက(၁) နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

မြောက်ဥက္ကလာပ အထက(၁)၏ (၁၉၅၉-၂၀၀၉) နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်ကြီးကို ဒီဇင်ဘာ၂၃ရက်မှ ၂၇ရက်အထိ အထက(၁) မေတ္တာရိပ်ရင်ပြင်ကြီး၌ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၃ရက် နံနက်တွင် ငွေကျပ်သိန်း၈၀ကျော် အကုန်ကျခံ တည်ဆောက်လှူဒါန်းထားသော ရွှေရတုရေစင်ကြီးဖွင့်ပွဲနှင့် စာရေးဆရာနန္ဒာသိန်းဇံ၊ ချစ်စံဝင်း၊ ချစ်နိုင်(စိတ်ပညာ)တို့၏ စာပေဟောပြောပွဲကိုလည်းကောင်း၊ ၂၄ရက်တွင် ပျော်ပွဲရွှင်ပွဲကိုလည်းကောင်း၊ ၂၅ရက်တွင် ထူးချွန်ကျောင်းသားများ ဂုဏ်ပြုပွဲကိုလည်းကောင်း၊ ၂၆ရက် မွန်းလွဲ၁နာရီတွင် ဓမ္မပူဇာပွဲနှင့် ၂၇ရက် မွန်းလွဲ၁နာရီတွင် ကျောင်းသားဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ကျောင်းအုပ်ကြီးဦးသန်းရွှေ ဖုန်း-၆၉၉၃၈၉၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း-၂၅၂၇၇၇၊ ၀၉-၅၁၉၇၇၇၇၊ ဦးဘတင့်ဆွေ ဖုန်း-၆၁၂၅၂၂၊ ဦးချိုအေး(ACA) ဖုန်း-၆၉၁၁၂၃၊ ၀၉-၈၀၂၀၄၀၀၊ ဦးစိုးသန်း ဖုန်း-၅၅၉၀၇၄၊ ဦးဆုတင် ဖုန်း-၀၉-၅၀၀၉၉၀၁၊ ဦးတင်စိုး ဖုန်း-၀၉-၅၀၉၀၃၉၄၊ ၅၃၀၇၇၄ နှင့် ဦးသန့်ဇော် ဖုန်း-၀၉-၅၁၃၉၁၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ရွှေကူမြို့ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို နိုဝင်ဘာ၂၉ရက်က မြို့နယ်မီးဘေးကြိုတင်ကာကွယ်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် မြို့နယ်အမှုဆောင် အရာရှိ ဦးခင်အောင်နီတို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်မြန်မာ့အသံ

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

(၁၇-၁၂-၂၀၀၉)

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် **(မေတ္တာသုတ်+ခန္ဓသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ လောကနီတိ အသိရှိစေဖို့ (ဒါနကောင်းမှု နေ့စဉ်ပြု)
- ၈း၃၅ တေးပဒေသာ
- ၉း၀၀ အစီအစဉ်ပြီး၏။
- ၁၀း၀၀ မင်္ဂလာလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်း တေးပဒေသာ
- ၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (နေ့သစ်ချို)
- ၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (တောင်ဝင်ရိုးစွန်းဒေသ လေ့လာရေး-၂)
- ၁၁း၅၅ တေးသီချင်း
- ၁၂း၀၀ စံတော်ချိန် တေးပဒေသာ
- ၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (လပြာသိုဆန်း မြခွာညိုလန်းချိန်)
- ၁၂း၃၀ Music Talk-2
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး
- ၁၆း၃၀ အမှတ်တရ တေးလက်ဆောင်
- ၁၇း၀၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (ကျွဲသဖခင်ဖေဖေ) တေးပဒေသာ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ ညနေခင်းတေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ညနေခင်းတေးပဒေသာ
- ၁၈း၂၅ ကျေးလက်ဇာတ်လမ်း (နွေးသောဆောင်း)
- ၁၈း၄၀ တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၁၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
- ၁၉း၃၀ သုတစုံကြွယ် သိစေဖွယ် (စေ့စပ်သေချာမှု)
- ၁၉း၄၀ ရေဒီယိုအတိုတိုတေးအရိပ်
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (တကယ်လက်ထပ်သင့်တဲ့သူ ဟုတ်ရဲ့လား) စီးပွားရေးဦးတည်ချက်
- ၂၀း၅၀ သူ့လက်သံ (စန္ဒရားထွန်းညွန့်၏ စန္ဒရားလက်သံ)
- ၂၁း၀၀ ဆောင်းပါး (အချစ်တဏှာမရှိအောင် မေတ္တာလက်ဆောင်) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
- ၂၁း၁၀ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

လောကနန္ဒာ စွယ်တော်ဘုရားအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် အာနန္ဒာဘုရားသို့ ရောက်ရှိကြပြီး အနောက်ဘက်မုခ်ရှိ ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းကာ ဖူးမြော်ကြည်ညိုကြသည်။

လှည့်လည်ကြည်ညို

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသည် အာနန္ဒာဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး ဘုရားလိုဏ်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်များအား လက်ယာရစ် လှည့်လည်ကြည်ညိုသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်သို့ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော် အရှေ့ဘက်မုခ်ရှိ ကကုသန် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ပြန်လည်ထွက်ခွာလာရာ ဘုရားစောင်းတန်း၌ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေစည်းခုံစေတီတော်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ရုပ်နာမ်သိမ်း အေးငြိမ်းနိဗ္ဗာန်ပြည်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင် ဆေကိန္ဒ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (သမ္ဘာလ)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၂၈)
- ၈:၃၀ Sports World (Max Power)
- ၈:၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ပင်လယ်ကိုဖြတ်၍)
- ၉:၃၀ အားကစားမြင်ကွင်းစုံ ဦးတင်အောင်မြင့်၊ ဦးသိန်းဌေး
- ၁၀:၁၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၁) (ပါမောက္ခဒေါက်တာ-ချယ်ရီသန်းသန်းတင်၊တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
- ၁၀:၃၀ Milestones of Contemporary Music Selection
- ၁၀:၅၅ Industrial Talk
- ၁၁:၂၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ကဏန်းအုန်းနို့ထောင်းဟင်းလျာနှင့် မြစိမ်းရောင်ဟင်းလျာချက်ပြုတ်နည်း)
- ၁၁:၄၅ ရေပျော်ငှက်တို့ နားခိုရာ
- ၁၁:၅၅ ဗီဒီယိုပြခန်း
- ၁၂:၁၅ ဧရာဝတီမြစ်ကမ်းတစ်ဖက်စီမှ အလင်းတာဝါတိုင်များ
- ၁၂:၄၀ မြိုင်ရာဇာတွတ်ပီနှင့် အနော်ဖလီး သရုပ်ဆောင်- အရိုင်း၊ဗေဒါ၊ မတူး (ဒါရိုက်တာ-ညွန့်မြန်မာညီညီအောင်)
- ၁:၀၀ **ရုပ်နာမ်သိမ်း အေးငြိမ်းနိဗ္ဗာန်ပြည်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင် ဆေကိန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (စဉ်းစားတာကောင်းတယ်၊ မစဉ်းစားတာကောင်းတယ်)
- ၃:၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ပင်လယ်ကိုဖြတ်၍)
- ၄:၁၅ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (အလေးမ)
- ၄:၃၅ နေပြည်တော် တောင်စခန်း ရှုင်လန်းဖွယ်နားခိုမယ် (Mount Pleasant Hotel)
- ၄:၅၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၁) (ပါမောက္ခဒေါက်တာ-ချယ်ရီသန်းသန်းတင်၊တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
- ၅:၁၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (သမ္ဘာလ)
- ၅:၃၀ MRTV -4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၅၀ ဓာတ်ပုံထဲမှ အမှတ်တရများ (တေးသံရှင်ဖိုးကာနှင့် တွေ့ဆုံခြင်း)
- ၇:၁၅ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (အလေးမ)
- ၇:၃၅ Milestones of Contemporary Music Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (စဉ်းစားတာကောင်းတယ်၊ မစဉ်းစားတာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၂၈)
- ၁၀:၀၀ MRTV-4 ကျန်းမာရေးကဏ္ဍ (လိပ်ခေါင်းရောဂါကင်းဝေးရာ သိဖွယ်နည်းလမ်းများ)(အပိုင်း-၂)
- ၁၀:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၄၀ ဓာတ်ပုံထဲမှ အမှတ်တရများ (တေးသံရှင်ဖိုးကာနှင့် တွေ့ဆုံခြင်း)
- ၁၁:၀၅ Industrial Talk
- ၁၁:၃၅ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁၁:၄၀ သတင်းကောင်း သျှားညို၊ဆုပန်ထွာ၊ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်)
- ၁၂:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Liverpool-Wigan	ESPN (Live)
	Tottenham-Man City	STAR SPORTS (Live)

နေပြည်တော်လယ်ဝေး၌ စာပေဟောပြောပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

၁၃၇၁ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို နေပြည်တော်လယ်ဝေးမြို့ ရေလည်ကွေ့ ကျေးရွာ စာပန်းမြိုင်စာကြည့်တိုက်တွင် ဒီဇင်ဘာ ၁၃ရက် ညပိုင်းက ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်က အမှာစကားပြောကြားကြပြီး နေပြည်တော်စိုးစံ လေ့ကျင့်ရေးစခန်းမှ ဆရာမဒေါ်ခင်နှင်းကြည်က စာကြည့်တိုက်နှင့် ပတ်သက်သည်များကိုပြောကြားသည်။

ဟောပြော

ဆက်လက်၍ စာရေးဆရာသန်းထွန်းပြန်/ဆက်မှ စာရေးဆရာများ ဟောကြားသမျှမှ သဘောကျခဲ့တာတွေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာလင်း(ဆေး-၁)က စာတစ်ပုဒ်မွေးဖွားခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာထက်ခေါင်က အာဇာနည်ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြပြီး ရေလည်ကွေ့ကျေးရွာ စာပန်းမြိုင် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဦးကျော်လွင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ဝ၈၃)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၁၂-၂၀၀၉(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး ဂီတစာဆို-မျိုးနွယ်ဆွေ)
- ၇:၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ တေးဂီတအစီအစဉ်
- ၈:၄၀ ၈။ International News
- ၈:၅၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ မျိုးမျိုးကွဲကွဲ ယဉ်ကျေးမှုအက
- ၄:၂၀ ၃။ သီချင်းကြီးပဒေသာ
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅:၀၅ ၇။ ရင်ခုန်ကြည်နူးဖွယ် ကိုကိုးကျွန်းအဏ္ဏဝါခရီးစဉ်
- ၅:၂၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၃၅ ၉။ စုပါတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၄၀ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၀၅ ၁၄။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇:၄၀ ၁၅။ ဝတ်မှုန်တေးဂီတ ဖျော်ဖြေခန်း
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၃)
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **နှလုံးသား၏ အမိန့်တော်အတိုင်း** ကျော်ဟိန်း၊ ဖြိုးငွေစိုး၊ နန္ဒာလှိုင်(ဒါရိုက်တာ ကျော်ဇောလင်း)
- ၂၁။ အစီအစဉ်ပြီး၏။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်အနောက်ပိုင်း ကာရာဝမ်ဒေသရှိ ဟွန်ဒါမော်တော်ကားထုတ်လုပ်သည့်စက်ရုံ လုပ်ငန်းခွင်တစ်နေရာကို ဒီဇင်ဘာ ၁၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

မဟာဗျူဟာမြောက် စီးပွားဖက်ဖြစ်ရေး တရုတ်နှင့်ကာဇက်စတန် ကတိပြုပြောကြား

အက်စ်တာနာ ဒီဇင်ဘာ ၁၅

တရုတ်သမ္မတ ဟူကျင်ထောင်းနှင့် ကာဇက်စတန်သမ္မတနူဆူလ်တန်နာဇာဘာယက်ဗ်တို့သည် နှစ်နိုင်ငံမဟာဗျူဟာမြောက် စီးပွားဖက်နိုင်ငံများအဖြစ် တိုးမြှင့်ပူးပေါင်းသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၂ ရက်က ကတိပြုပြောကြားသည်။

ဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ကာဇက်စတန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်(၅)ချက်ပါသည့် အဆိုပြုချက်တစ်ရပ်ကို နှစ်နိုင်ငံအကြီးအကဲတို့ တွေ့ဆုံဆွေးနွေးသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့သည် နှစ်နိုင်ငံ နားလည်မှုနှင့် ယုံကြည်မှုတိုးမြှင့်ရရှိရေးအတွက် တစ်နိုင်ငံ၏အကျိုးစီးပွားနှင့်သက်ဆိုင်သည့် အဓိကပြဿနာများကိုတစ်နိုင်ငံကအပြန်အလှန် အခိုင်အမာထောက်ခံသင့်ကြောင်းလည်း မစ္စတာဟူကျင်ထောင်းက ပြောကြားသည်။

ထို့အပြင် ငွေကြေးကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်း ပြောကြားကာ တရုတ်ပြည်အနေဖြင့်သိပ္ပံနှင့်နည်းပညာ၊ပညာရေး၊ ယဉ်ကျေးမှု၊အားကစားနှင့် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းတို့ကဲ့သို့သော ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်သွားရန် အသင့်ရှိကြောင်း ပြောကြားသွားသည်။

ပူးပေါင်းဆောင်ရွက်

စွမ်းအင်ကဏ္ဍတွင် လည်းကောင်း၊ သတ္တုတူးဖော်ရေးကဏ္ဍတွင် လည်းကောင်း ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်းလည်း ဆက်လက်ပြောကြားသည်။

သဘောတူ

ကာဇက်စတန်သမ္မတ နာဇာဘာယက်ဗ်က ဟူကျင်ထောင်း၏အဆိုပြုချက်(၅)ချက်ကို သဘောတူကြောင်းသိရသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနှင့် မလေးရှားအိမ်နီးချင်းနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး ထူထောင်

ဂျကာတာ ဒီဇင်ဘာ ၁၅

အင်ဒိုနီးရှားနှင့်မလေးရှား အိမ်နီးချင်းနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ထိန်းသိမ်းရန်အတွက် ညီရင်းအစ်ကိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် နှစ်နိုင်ငံထိပ်တန်းအရာရှိများက သဘောတူလက်မှတ်ရေးထိုးလိုက်ကြကြောင်း ဒီဇင်ဘာ ၁၄ ရက်တွင် ဘစ်နစ်အင်ဒိုနီးရှားက သတင်းထုတ်ပြန်သည်။

ပီအက်စ်အိုင်အမ်အမည်ရှိ ယင်းပူးပေါင်းဆောင်ရွက်မှုမှာ နှစ်နိုင်ငံပြည်သူများအကြား စိတ်ရင်းစေတနာဆက်ဆံမှုများပါ ရရှိအောင် ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ကြောင်း၊ စိတ်ရင်းစေတနာဆက်ဆံမှုမှာ အစဉ်ထာဝရအဖိုးမဖြတ်နိုင်သော ဆက်ဆံမှုပင်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြားပေါ်ပေါက်သော မည်သည့်ပြဿနာကြောင့်မဆို ဤဆက်ဆံရေးမှာ သွေဖည်သွားမည်မဟုတ်ကြောင်း အင်ဒိုနီးရှား ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

ပြောကြား

အင်ဒိုနီးရှားနှင့်မလေးရှားနှစ်နိုင်ငံ ဆက်ဆံမှုသမိုင်းတွင် ဤသည်မှာ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် တည်ရှိနေပြီး နှစ်နိုင်ငံပြည်သူများမှာလည်း ညီရင်းအစ်ကို မောင်ရင်းနှမများကဲ့သို့ တစ်စိတ်တစ်ဝမ်းတည်း ဆက်ဆံသွားစေရန် ဦးတည်ကြောင်း အင်ဒိုနီးရှားနိုင်ငံ လူ့စွမ်းအားဝန်ကြီးဌာနဝန်ကြီး မူဟာမင်အစ်ကန်ဒါက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အစာအိမ်အတွင်း ဖုက်ယူလာသည့် ကိုကင်းဆေးတောင့်များ တူရကီ၌ သိမ်းဆည်းရမိ

အင်ကာရာ ဒီဇင်ဘာ ၁၅

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ လေဆိပ်တွင် ဝမ်းဗိုက်အတွင်းဖုက်၍ ယူဆောင်လာသော ကိုကင်းဆေးတောင့်များကို တူရကီရဲတပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိခဲ့ကြောင်း တူရကီမီဒီယာများက ဒီဇင်ဘာ ၁၄ ရက်တွင်သတင်းထုတ်ပြန်သည်။

ရှာဖွေတွေ့ရှိ

လေဆိပ်ရှိ အကောက်ခွန်စစ်ဆေးရေးဂိတ်တွင် အိတ်စ်ရေးဓာတ်ရောင်ခြည်ဖြင့် စစ်ဆေးစဉ် အီကွေဒေါနိုင်ငံသားတစ်ဦး၏ အစာအိမ်အတွင်းမှ ကိုကင်းဆေးတောင့်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထုတ်ယူ

၄င်းအား ဆေးရုံတွင်နှစ်ရက်ကြာ ဆေးကုသမှုပေးခဲ့ပြီး စုစုပေါင်းဂရမ် ၇၀၀ ရှိသည့် ကိုကင်းဆေးတောင့် ၆၆ တောင့်ကိုထုတ်ယူခဲ့ကြောင်း ယင်းသတင်း၌ပါရှိသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဩစတြေးလျနိုင်ငံ လင့်ဖ်မြို့၌ အထည်အလိပ်စက်ရုံ မီးလောင်မှုဖြစ်ပွားသည်ကို ဒီဇင်ဘာ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ဗုံးပေါက်ကွဲမှုများ ထပ်ဆင့်ဖြစ်ပွား

ဖလူးဂျာ ဒီဇင်ဘာ ၁၅

အီရတ်နိုင်ငံ အန်ဘာပြည်နယ် ဖလူးဂျာမြို့၌ ဒီဇင်ဘာ ၁၃ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် ဖလူးဂျာမြို့ရှိ ရဲကင်းလှည့်တပ်ဖွဲ့အနီးကားရပ်နားရာစခန်း၌ ဖောက်ခွဲတိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိသည်။ ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့အကြီးအကဲနှင့် အရပ်သားသုံးဦးပါဝင်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ယာဉ်နှစ်စီး၊ အနီးအနားရှိ အဆောက်အအုံများအပါအဝင် အရပ်သားကားများပျက်စီးခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

အလားတူ ဖလူးဂျာမြို့အနီး ဂါမာဒေသ၌ ရဲတပ်ဖွဲ့ဝင်တစ်ဦး တာဝန်ချိန်မှထွက်ခွာပြီး အိမ်အရောက်တွင် ဗုံးပေါက်ကွဲရာ ၄င်းအိမ်ပျက်စီးသွားပြီး လေးဦးပြင်းထန်စွာဒဏ်ရာရရှိသည်။

အကြမ်းဖက်တိုက်ခိုက်

အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ လွန်ခဲ့သည့် နှစ်နှစ်ကျော်က ဆွန်နီများနှင့် အမေရိကန်ဆန့်ကျင်သည့် အကြမ်းဖက်အဖွဲ့အား အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့က ပူးပေါင်းချေမှုန်းပြီးသည့်နောက် ပြည်နယ်အတွင်း အကြမ်းဖက် တိုက်ခိုက်မှုများ ပိုမိုဖြစ်ပေါ်လာခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၁၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဒုံးကျည်အချို့ စမ်းသပ်မည်ဟု အီရန်ကာကွယ်ရေးဝန်ကြီး ထုတ်ဖော်ပြောကြား

တီဟီရန် ဒီဇင်ဘာ ၁၅

အီရန်နိုင်ငံအနေဖြင့် မကြာမီကာလအတွင်း ဒုံးကျည်အချို့ကို စမ်းသပ်တော့မည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်အာမက်ဗာဟီဒီက ဒီဇင်ဘာ ၁၃ရက်၌ ပြောကြားသည်ဟု ဖားစ်သတင်းဌာနက ကြေညာသည်။

မကြာမီကာလအတွင်း စစ်သင်္ဘော သစ်လည်း တည်ဆောက်ရန်ပြင်ဆင်နေပြီး ဒုံးကျည်အချို့ကို စမ်းသပ်မည်ဖြစ်ကြောင်း တီဟီရန်၌ သတင်းထောက်များအား ဗိုလ်မှူးချုပ်ဟီဒီက ပြောကြားသည်။

တိုးတက်

ပြီးခဲ့သည့်နှစ်များအတွင်း အီရန်နိုင်ငံအနေဖြင့် ပြည်တွင်းလုပ်ဒုံးကျည်ထုတ်လုပ်မှုမှာ သိသိသာသာတိုးတက်ခဲ့သည်။ အီရန်စီဂျီလ်ဒုံးကျည်များမှာ ကီလိုမီတာ ၂၀၀၀အကွာအဝေးအထိ ပစ်လွှတ်နိုင်ပြီး ရှာဟတ်-၃ ဒုံးကျည်များမှာ ကီလိုမီတာ ၁၃၀၀မှ၂၀၀၀အကြားသို့ ပစ်လွှတ်နိုင်သည်။

စိုးရိမ်

အမေရိကန်နှင့်အနောက်အင်အားကြီးနိုင်ငံများက အီရန်၏နျူကလီးယားအစီအစဉ်မှ လက်နက်များထုတ်လုပ်မည်ကို စိုးရိမ်နေကြသည်။ သို့သော် အီရန်နိုင်ငံကမူ ငြိမ်းချမ်းရေးအတွက်သာဖြစ်ကြောင်း အခိုင်အမာ ပြောကြားလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာမေးနီးယားသို့ ဓာတ်ငွေ့ပို့လွှတ်မှု ရုရှားနိုင်ငံက ဖြတ်တောက်ထား

မော်စကို ဒီဇင်ဘာ ၁၅

ရုရှားနိုင်ငံတောင်ပိုင်း အင်ဂူရှီးတီးယားရှိ အဓိကအရေးပါသော ဓာတ်ငွေ့ပိုက်လိုင်းတစ်ခုတွင် ထောင်ထားသည့် ဗုံးတစ်လုံးတွေ့ရှိရသဖြင့် အာမေး နီးယားသို့ ဓာတ်ငွေ့ပို့လွှတ်မှုကို ဖြတ်တောက်လိုက်ကြောင်း သတင်းရရှိသည်။

ဖော်ပြ

အင်ဂူရှီးတီးယားကိုဖြတ်၍ သွယ်တန်းထားသော အဆိုပါပိုက်လိုင်းမှ ဓာတ်ငွေ့ပို့လွှတ်မှုကို ဒီဇင်ဘာ ၁၃ ရက် ညနေပိုင်းက ဖြတ်တောက်လိုက်ကြောင်း၊ ပိုက်လိုင်းအနီးအနားတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖောက်ခွဲရေးပစ္စည်းတွေ့ရှိရသဖြင့် ယင်းကဲ့သို့ ဖြတ်တောက်လိုက်ခြင်းဖြစ်ကြောင်း ရုရှားသတင်းဌာနများက ဖော်ပြသည်။

ဖြတ်တောက်

ဗုံးကျွမ်းကျင်သူများအနေဖြင့် ထိုဗုံးကို ယခုအချိန်အထိ စနက်တံမဖြုတ်နိုင်သေးဘဲ ဖြစ်နေသည်ဟုလည်း သိရသည်။ အာမေးနီးယားနိုင်ငံနှင့်အတူ ရုရှားနိုင်ငံ၏ မြောက်အော်ဆက်တီးယားနှင့် အင်ဂူရှီးတီးယားတို့လည်း ဓာတ်ငွေ့ဖြတ်တောက်ခံနေရသည်ဟုဆိုသည်။ *(အင်တာနက်)*

စပိန်နိုင်ငံ လီယွန်ပြည်နယ်၌ နှင်းမုန်တိုင်းကျရောက်ပြီးနောက် လမ်းများပိတ်ဆို့နေသည်ကို ဒီဇင်ဘာ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းရေးသားသည်

ဆက်သွယ်ရေး ဂြိုဟ်တုသုံးလုံး ရုရှားလွှတ်တင်

ရုရှားနိုင်ငံက ဘိုင်ကိုနော့အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဆက်သွယ်ရေး ဂြိုဟ်တုသုံးလုံးကို သယ်ဆောင်သွားသည့် ပရိုတွန်-အမ်အမည်ရှိ ဒုံးပျံကို ဒီဇင်ဘာ ၁၅ရက်က အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း သတင်းထုတ်ပြန်သည်။

အိန္ဒိယရေယာဉ် ဆိုမာလီယာနိုင်ငံ ကမ်းလွန်၌ ပြန်ပေးဆွဲခံရ

ဆိုမာလီယာနိုင်ငံမြောက်ပိုင်း ကမ်းလွန်တွင် ဒီဇင်ဘာ ၁၅ရက်က အိန္ဒိယနိုင်ငံမှ ရေယာဉ်တစ်စင်းကို ဆိုမာလီဓားပြများက အပိုင်စီးသွားခဲ့ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

ရုရှားနိုင်ငံ မော်စကိုမြို့၌ စျေးမီးလောင် သုံးဦးသေဆုံး၊ အချို့ဒဏ်ရာရရှိ

ရုရှားနိုင်ငံ မော်စကိုမြို့အနီး စျေးတစ်စျေး၌ ဒီဇင်ဘာ ၁၅ရက်က မီးလောင်မှု ဖြစ်ပွားရာ သုံးဦးသေဆုံးပြီး လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း၊ စျေးအဆောက်အအုံ ပျက်စီးဆုံးရှုံးခဲ့ကြောင်း မော်စကိုရဲတပ်ဖွဲ့က ပြောကြားသည်။

ဖိလိပ်ပိုင်နိုင်ငံ စူဗာမြို့၌ မုန်တိုင်းတိုက်ခတ် အဆောက်အအုံများပျက်စီးပြီး လေးဦးသေဆုံး

ဖီဂျီနိုင်ငံ စူဗာမြို့တွင် ဒီဇင်ဘာ ၁၅ရက်၌ မစ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း မွှေနှောက်တိုက်ခတ်ခဲ့ရာ လေးဦးသေဆုံးပြီး လူ၄၀၀၀နီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း အမ်အင်န်အေရိုက်တာသတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့ မော်တော်ကားဝယ်ယူသုံးစွဲမှုတွင် ပဉ္စမမြောက်အများဆုံးနိုင်ငံ တရုတ်ဖြစ်လာ

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် မော်တော်ကားဝယ်ယူသုံးစွဲမှု၌ ပဉ္စမမြောက် အများဆုံးနိုင်ငံဖြစ်လာကြောင်း တရုတ်အရာရှိများက ဒီဇင်ဘာ ၁၅ရက်၌ သတင်း ထုတ်ပြန်သည်။

စင်ကာပူ၌ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးမည်

စင်ကာပူနိုင်ငံ၏ အချို့သောဒေသများတွင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ် များ ကျင့်သုံးတော့မည်ဖြစ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၅ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ် ဝမ်ကျိုးမြို့၌ ဓာတုရည်သိုလှောင်ကန် ပေါက်ကွဲ တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

*တရုတ်နိုင်ငံ ကျီကျန်းပြည်နယ် ဝမ်ကျိုးမြို့တွင် ဒီဇင်ဘာ ၁၅ရက်က ဓာတု ပစ္စည်းရည်သိုလှောင်ကန်တစ်ကန် ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)***

ဖိလစ်ပိုင်၌ မီးတောင်ပေါက်ကွဲ လူထောင်ပေါင်းများစွာ ထွက်ပြေးကြရ

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ မာယွန်းမီးတောင်ပေါက်ကွဲမှု ဒီဇင်ဘာ ၁၅ရက်က ဖြစ်ပွားရာ အနီးပတ်ဝန်းကျင်ရှိ ပြည်သူ၅၀၀၀၀ခန့် ဘေးကင်းရာသို့ ထွက်ပြေး ကြရကြောင်း အမ်အင်န်အေရိုက်တာ သတင်းတွင်ဖော်ပြသည်။ ။ (အင်တာနက်)

သံဖြူဇရပ်မြို့၌ စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

သံဖြူဇရပ် ဒီဇင်ဘာ ၁၅

ဒီဇင်ဘာအားကစားလ လှုပ်ရှားမှု တစ်ရပ်အဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို သံဖြူဇရပ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်မှုဖြင့် ဒီဇင်ဘာ ၅ရက် နံနက်ပိုင်းက သံဖြူဇရပ်မြို့မှ နှစ်မိုင် ကွာဝေးသည့် ဖောင်စိန်ကျေးရွာသို့ အသွား အပြန်စုပေါင်းလမ်းလျှောက်ပွဲကို ဆင်နွှဲ ကြသည်။ **(အောက်ပုံ)**

စုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အသီးသီးမှ ပြည်သူများ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီ သောင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀၀ ခန့် စုပေါင်း လမ်းလျှောက်ကြသည်။ အဆိုပါ စုပေါင်း လမ်းလျှောက်ပွဲတွင် မြို့နယ်အားကစား အရာရှိ ဦးကိုကိုသက်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနဝန်ထမ်းများက ပံ့ပိုး ကူညီကြသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား စစ်တွေမြို့နယ်ခန်းမ၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

ရခိုင်ပြည်နယ် ၂၀၀၉ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၃ရက် နံနက်ပိုင်းက စစ်တွေမြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆုရစာစီစာကုံး၊ ပန်းချီနှင့် နံရံကပ်ပိုစတာများကို ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

စက်ရေတွင်းတူးဖော်

ကျေးလက်နေပြည်သူများသန့်ရှင်း သော သောက်သုံးရေ ရရှိစေရေးအတွက် သန်လျင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က စက်ရေတွင်းများ စဉ်ဆက် မပြတ် တူးဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင်အင်ဂျင်နီယာဦးစိုးသိမ်းနှင့် အဖွဲ့ မင်္ဂလွန်းကျေးရွာတွင် နှစ်လက်မ စက်ရေတွင်း တူးဖော်နေမှုကို ဒီဇင်ဘာ ၁၁ ရက်က အမှုဆောင်အရာရှိ ဦးစိုး နိုင်ဦးနှင့် အင်ဂျင်နီယာမှူးဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) မြို့နယ်လုံးဆိုင်ရာ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

ကြို့ပင်ကောက်မြို့နယ်(ရန်ကုန်) (၁၂)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ကြို့ပင်ကောက်မြို့ အထက် တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ၊ ရန်ကုန်မြို့မှ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် မြို့နယ်သူ မြို့နယ်သား များသည် ဖိတ်စာရသည်ဖြစ်စေ မရသည် ဖြစ်စေ လိုက်ပါတက်ရောက်ကြရန်နှင့် ရန်ကုန်မြို့မှ ဒီဇင်ဘာ ၂၅ ရက် နံနက်တွင် ထွက်ခွာပြီး ဒီဇင်ဘာ ၂၆ရက် မွန်းလွဲပိုင်း တွင် ကြို့ပင်ကောက်မြို့မှ ပြန်လည်ထွက်ခွာ မည်ဖြစ်သည်။

ဒီဇင်ဘာ ၂၅ ရက်တွင် မော်တော် ယာဉ်ထွက်ခွာမည့် စုရပ်များမှာ ဆူးလေ ဘုရားလမ်း မီးသတ်ရုံးရှေ့မှ နံနက်၅နာရီခွဲ၊ ပြည်လမ်း မြေနီကုန်း ရိုးမဘဏ်ရှေ့မှ နံနက်၆နာရီ၊ လှည်းတန်း မစ္စတာဘရောင်း ကော်ဖီဆိုင်ရှေ့မှ နံနက်၆နာရီ၁၅မိနစ်၊ အင်းစိန် သီရိစန္ဒာအထူးကုဆေးခန်းမှ နံနက် ၇ နာရီတို့ဖြစ်ကြပြီး လိုက်ပါလိုသူများသည် ဦးတင်မြင့် ဖုန်း-၆၄၀၂၅၉၊ ၆၄၀၂၆၂၊ ဦးခင်နု ဖုန်း-၃၇၅၄၀၄၊ ဦးသိန်းဝင်း ဖုန်း- ၀၉-၅၁၂၉၁၆၉၊ ဦးထွေး ဖုန်း-၀၉- ၅၁၉-၇၈၈၈နှင့် ဦးထွန်းမြင့် ဖုန်း- ၃၉၂၁၆၄ တို့သို့ ဆက်သွယ်စုံစမ်း စာရင်း ပေးနိုင်ကြောင်း သိရသည်။**(မြန်မာ့အလင်း)**

လက်တွန်းလှည်း ရေစည်များဖြင့် လပွတ္တာ၌ ရေပေးဝေ

လပွတ္တာ ဒီဇင်ဘာ ၁၅

လပွတ္တာမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ သိကြားဘုရားရေကန်တွင် မြို့ရေ ပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်မှုအနေ ဖြင့် ရေစက်ရုံ အမှတ်(၂)မှ တွန်းပို့သော ရေဂါလန် ၈၀၀ ဆံ့ အုတ်ရေလှောင်ကန် တည်ဆောက်ကာ ရေတိုင်ရှစ်တိုင်ဖြင့် ပိုက် လိုင်းသွယ်တန်းပြီး လက်တွန်းလှည်း ရေစည်များဖြင့်ရေပေးဝေနိုင်မှု စနစ်တကျရှိ ရေး၊ ရေလေလွင့်မှု နည်းပါးရေးတို့အတွက် ဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၂ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင် ကွင်းဆင်းကြည့်ရှုရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးကျော်သူမင်းက ရှင်းလင်း တင်ပြသည်။ **(ယာပုံ)**

(မြို့နယ်စည်ပင်)

ရန်ကုန်တက္ကသိုလ်(လှိုင်) သချာင်္ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

*ရန်ကုန်တက္ကသိုလ်(လှိုင်) (၁၉၉၁-၁၉၉၄)သချာင်္ကျောင်းသား ကျောင်းသူများ၏ ပညာသင်ပြီးမြောက်သည့် (၁၅)နှစ်ပြည့် အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ **M3 Food Centre** တွင် ကျင်းပမည်ဖြစ်သည်။ သချာင်္ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကိုတင်မောင်မောင် ဖုန်း-၀၉-၅၀၂၂၅၈၇၊ ကိုစိုးမျိုးနွယ်(စိုးစိုး) ဖုန်း-၀၉-၅၁၄၄၇၀၄၊ ကိုကျော်မင်းလှိုင် ဖုန်း-၀၉-၅၀၀၄၇၈၆၊ ကိုဝင်းအေး ဖုန်း- ၀၉-၅၄၀၀၁၁၂၊ ကိုသီဟအောင် ဖုန်း-၀၉-၅၀၃၄၅၅၃၊ ကိုဥက္ကာအောင် ဖုန်း-၀၉-၅၀၅၂၇၂၂၊ ကိုသန့်လွင် ဖုန်း- ၀၉-၉၉၂၇၅၅၂၊ မမြမြကြွယ် ဖုန်း-၀၉-၅၁၅၄၈၂၆၊ မသန်းသန်းထွေး ဖုန်း- ၀၉-၅၁၀၉၁၂၈၊ မထက်ထက်အေး ဖုန်း-၀၉-၅၁၁၈၆၉၇၊ မခင်စံပယ်သွင် ဖုန်း-၀၉-၅၁၆၈၅၄၆/၀၉၊ ၈၆၄၅၂၆၇နှင့် မချိုမာမင်း ဖုန်း-၀၉-၅၁၅၂၉၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။*

(မြန်မာ့အလင်း)

16-12 (05).pmd 1 12/16/2009, 2:20 PM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပုပ္ပားတောင်ဒေသသည် အဓိကအရေးကြီးသော သဘာဝအခြေခံနယ်မြေဖြစ်

မိမိတို့လက်ထက်၌ ဒေသစိမ်းလန်းစိုပြည်ရေး မဖြစ်မနေ အကောင်အထည်ဖော်ခဲ့

တန်ဖိုးကြီးလှသော သဘာဝအရင်းအမြစ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် ဒီဇင်ဘာ ၁၅

မန္တလေးတိုင်း ပုဂံညောင်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဒီဇင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် ပုဂံမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဒေသသို့ ရောက်ရှိသည်။

အကောင်အထည်ဖော်

ရှေးဦးစွာ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ပုပ္ပားတောင်ဥယျာဉ် ကျင်းမစခန်းရှိ ပုဂ္ဂလိက လက်ဖက်စိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိုင်ငံတော်အကြီးအကဲ၏ ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်ရေး လမ်းညွှန်မှာကြားချက်နှင့်အညီ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ တိုးချဲ့စိုက်ပျိုးခြင်းတို့ကို ဖိဖိစီးစီး ဆောင်ရွက်ခဲ့သည့်နည်းတူ အရိပ်ရပင်များအောက်၌ စိုက်ပျိုးဖြစ်ထွန်းသော လက်ဖက်ပင် တစ်ဧကကို စမ်းသပ်စိုက်ခင်းအဖြစ် စိုက်ပျိုးခဲ့ပြီးနောက် ပုဂ္ဂလိက လက်ဖက်စိုက်ခင်းများကို ၂၀၀၈ခုနှစ် နိုဝင်ဘာလမှစ၍ ခွင့်ပြုအကောင်အထည်ဖော်ခဲ့ပါကြောင်း။

ရှင်းလင်း

လက်ဖက်စိုက်ခင်းများ တည်ထောင်ဖြစ်ထွန်းလာပါက မြန်မာနိုင်ငံ အလယ်ပိုင်း ပုပ္ပားတောင်ဒေသတွင် လက်ဖက်စိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် ဒေသ၌ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသစ် ပေါ်ထွက်လာစေမည်သာမက ဒေသတွင်း၌ လက်ဖက်စို၊ လက်ဖက်ခြောက် လွယ်လင့်တကူ ရရှိစေနိုင်ကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ပုဂ္ဂလိက လက်ဖက်စိုက်ခင်း စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် နောင်ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းသည်။

စိုက်ပျိုးထား

လက်ဖက်စိုက်ခင်း တစ်ဧကကို ပုပ္ပားတောင်မကြီး၏ အရှေ့ခြမ်း၌ ဒေသနှင့်ကိုက်ညီသည့် လက်ဖက်ပင် ၅၄၀၀ကို စမ်းသပ်စိုက်ပျိုးထားပြီး ဖြစ်ကြောင်း သိရသည်။

ပုဂ္ဂလိက လက်ဖက်စိုက်ခင်းများ အနေဖြင့် တင်ဝင်းထွန်းထုတ်လုပ်မှု ကုမ္ပဏီက ပုပ္ပားတောင်မကြီး ရေငယ်စခန်းအနီး မြေဧက ၂၀၀အတွင်း လက်ဖက်အပင်ပေါင်း ခုနစ်သိန်းကျော်ကို ကွန်တိုစနစ်နည်းဖြင့် စိုက်ပျိုးတည်ထောင်ခဲ့ပြီး ဧက ၅၀၀ပြည့်မီအောင် ဆက်လက် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့အတူ ကုမ္ပဏီပျိုးဥယျာဉ်၌ လက်ဖက်ပျိုးပင် သုံးသိန်းခန့်ကိုလည်း ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရသည်။ လက်ဖက်ပင်များအကြား၌ ကြားညှပ်သီးပင်များအဖြစ် မိုးမြေပဲနှင့် လိမ္မော်ပင်များကို စိုက်ပျိုးထားသည်။

အစားထိုးစိုက်ပျိုး

ဆက်လက်၍ ဝန်ကြီးက ရှင်းလင်းတင်ပြရာ၌ ပုပ္ပားတောင် အရှေ့ခြမ်း ငှက်ပျောအစားထိုး စိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ ပုပ္ပားတောင်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံပြည်သူများ၏ ရေရှည်အကျိုးစီးပွား ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကြိုးပိုင်းနှင့် ကြိုးပြင်ကာကွယ်တောအတွင်းရှိ ငှက်ပျောစိုက်ခင်းများကို သစ်တောသစ်ပင်၊ နှစ်ရှည်သီးပင်များဖြင့် အစားထိုးစိုက်ပျိုး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

အသေးစိတ်တင်ပြ

၁၉၉၆ခုနှစ်မှ စတင်၍ ၂၀၀၉ ခုနှစ် မိုးရာသီကာလအထိ မူလ ငှက်ပျောစိုက်ဧရိယာ ဧက ၅၀၀၀ ကျော်အတွင်း သစ်တောသစ်ပင်များနှင့် နှစ်ရှည်သီးပင်များကို ရာနှုန်းပြည့် အောင်မြင်စွာ အစားထိုးစိုက်ပျိုးနိုင်ခဲ့ရာ ကျွန်း၊ ပျဉ်းကတိုး၊ ယင်းမာ၊ ယမနေ၊ လဲမှို့၊ ယူကလစ်၊ သစ်ဆိမ့် စသည့် အပင်ပေါင်း ၁၃သိန်းကျော်ကို တိုးချဲ့စိုက်ပျိုးခဲ့ပါကြောင်း၊ အလားတူ နှစ်ရှည်သီးပင်များဖြစ်သည့် သီဟိုဠ်၊ သရက်ကြမ်း၊ စိန်တလုံးသရက်၊ ပိန္နဲ၊ မန်ကျည်း၊ ဩဇာနှင့် အခြားနှစ်ရှည်သီးပင်များအပင်ပေါင်း ရှစ်သိန်းကျော်ကို စိုက်ပျိုးပြီးစီးခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး စိုက်ပျိုးပြီးစီးသည့် နှစ်ရှည်သီးပင် အမျိုးမျိုးမှ တစ်ဧကအလိုက် ဝင်ငွေရရှိမှု၊ ဒေသခံပြည်သူများက နှစ်ရှည်သီးပင်များကို စိတ်ဝင်စားစွာ စိုက်ပျိုးလာသည့် အခြေအနေ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ငှက်ပျောအစားထိုး နှစ်ရှည်သီးပင် စိုက်ပျိုးမှုလုပ်ငန်း ရာနှုန်းပြည့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို အသေးစိတ်တင်ပြသည်။

တန်ဖိုးဖြတ်မရ

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက ပုပ္ပားတောင်သည် ပူပြင်းခြောက်သွေ့သော အညာဒေသအတွက် တန်ဖိုးဖြတ်မရသည့် သဘာဝအရင်းအမြစ်ကြီးဖြစ်ကြောင်း၊ ပုပ္ပားတောင်ကိုအခြေပြု၍ ဒေသတွင်း မိုးလေဝသအခြေအနေ ဖြစ်ပေါ်လေ့ရှိရာ ရာသီဥတု မှန်ကန်ကောင်းမွန်ရေးအတွက် ပုပ္ပားဒေသသည် အဓိက အရေးကြီးသော သဘာဝ အခြေခံနယ်မြေဖြစ်လျက်ရှိကြောင်း၊ ထို့အပြင် ဒေသအတွင်း စီးဆင်းလျက်ရှိသော မြစ်ချောင်းများနှင့် အင်းအိုင်များသည်လည်း ဤဒေသ၌ စတင်အခြေပြုလျက်ရှိသဖြင့် အညာဒေသ၏ အဓိက ရေဝေရေလဲ တောင်တန်းကြီးလည်း ဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ဤပတ်ဝန်းကျင်ဒေသရှိ မိမိတို့ တည်ဆောက်ထားပြီးသော ဆည်တမံများသည်လည်း ပုပ္ပားတောင်နှင့် ဆက်စပ် ဆက်နွှယ်လျက်ရှိသည်သာ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ လက်ထက်၌ ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်ရေးကို မဖြစ်မနေ အကောင်အထည်ဖော်ပြီး တန်ဖိုးကြီးလှသော သဘာဝ အရင်းအမြစ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်ကြောင်း၊ ၁၀နှစ်ကျော်ကျော် ဖိဖိစီးစီး ထိန်းသိမ်းစောင့်ရှောက်မှု၏ အကျိုးဆက်ကြောင့် ယခုအခါ ပုပ္ပားဒေသသည် ပြန်လည် စိမ်းလန်းစိုပြည်ပြီး သစ်တော သစ်ပင်များဖြင့် အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်ပေါ်နေပြီဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပုပ္ပားတောင်ကလပ်နှင့် ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်မှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ပုပ္ပားတောင် ပုဂ္ဂလိက လက်ဖက်ပျိုးဥယျာဉ်၌ လက်ဖက်ပင်များ ပျိုးထောင်ထားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုဂ္ဂလိက လက်ဖက်ပျိုးဥယျာဉ်၌ ပျိုးထောင်ထားသည့်တစ်လသားအရွယ် လက်ဖက်ပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

မီးတောင်ဟောင်းဒေသဖြစ်သည်နှင့်အညီ ပုပ္ပားတောင်နှင့်ပတ်ဝန်းကျင်၏ ရေမြေသဘာဝအခြေအနေမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းရေးအတွက် အခြေခံကောင်းအဖြစ်တည်ရှိလျက်ရှိကြောင်း။

အလေးအနက်ထား

ထို့ကြောင့် ပုပ္ပားတောင်ကြီး၏ တန်ဖိုးကြီးမားမှုကို အလေးအနက်ထားကြရန် အရေးကြီးကြောင်း၊ ဒေသခံပြည်သူများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းသစ်များ ဖြစ်ပေါ်ပြီး ဝင်ငွေတိုးတက်ရရှိရေးအတွက် ယခုကဲ့သို့ လက်ဖက်ပင် အပါအဝင် ဖြစ်ထွန်းနိုင်သည့်နှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးပြီး ပုပ္ပားတောင် စိမ်းလန်းစိုပြည်ရေးကို ဆက်လက်ထိန်းသိမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

အောင်မြင်ဖြစ်ထွန်း

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ပုပ္ပားတောင် ပုဂ္ဂလိက လက်ဖက် စမ်းသပ်စိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော တစ်နှစ်သားအရွယ်ရှိ လက်ဖက်စိုက်ခင်းနှင့် မြေပဲ သီးညှပ်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက လက်ဖက်ပျိုးဥယျာဉ်၌ ပျိုးထောင်ထားသည့် တစ်လသားအရွယ် လက်ဖက်ပင်များကို ကြည့်ရှုအားပေးပြီး ပုဂ္ဂလိက လက်ဖက်စိုက်ခင်း ထူထောင်ထားမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် Popa Mountain Resort သို့ရောက်ရှိကြပြီး Popa Mountain Resort ရှုခင်းသာမှ ပုပ္ပားတောင်ကလပ်နှင့် ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်မှုအခြေအနေ၊ သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်မှု အခြေအနေတို့ကို ကြည့်ရှုကြသည်။

မေးမြန်းဆွေးနွေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သက်ဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ရာသီသီးနှံများစိုက်ပျိုးထွက်ရှိမှု၊ ကြက်မောက်တောင်ဆည်အတွင်း ရေဝင်ရောက်မှု၊ ရေဖြန့်ဝေပေးနိုင်မှု၊ လူတစ်ဦးချင်း ဝင်ငွေတိုးတက်မှုစသည့် ဒေသ၏ လူမှုစီးပွားရေး အခြေအနေတို့ကို မေးမြန်းဆွေးနွေးသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပုပ္ပားတောင်ဒေသမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။ **(သတင်းစဉ်)**

ပုပ္ပားတောင်သည် ပူပြင်းခြောက်သွေ့သော အညာဒေသအတွက် တန်ဖိုးဖြတ်မရသည့် သဘာဝအရင်းအမြစ်ကြီးဖြစ်၍ ပုပ္ပားတောင်ကို အခြေပြု၍ ဒေသတွင်း မိုးလေဝသအခြေအနေဖြစ်ပေါ်လေ့ရှိရာ ရာသီဥတု မှန်ကန်ကောင်းမွန်ရေးအတွက် ပုပ္ပားဒေသသည် အဓိက အရေးကြီးသော သဘာဝအခြေခံနယ်မြေဖြစ်လျက်ရှိ၊ ထို့အပြင် ဒေသအတွင်း စီးဆင်းလျက်ရှိသော မြစ်ချောင်းများနှင့် အင်းအိုင်များသည်လည်း ဤဒေသ၌ စတင်အခြေပြုလျက်ရှိသဖြင့် အညာဒေသ၏ အဓိက ရေဝေရေလဲ တောင်တန်းကြီးဖြစ်။

ဒီဇင်ဘာ ၁၅ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ စစ်သံမှူး Colonel Terry Siow Meng Meng အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ရေနံချောင်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၅

ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) မွန်းလွဲ ၁ နာရီတွင် အထက (၁) နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ တပည့်များ တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်း

အလှူငွေ ထည့်ဝင်လိုပါက ရန်ကုန်မြို့၌ ဦးလှရွှေ (ဥက္ကဋ္ဌ၊ ရေနံချောင်းမြို့နယ်အသင်း) ဖုန်း-၀၁-၅၇၂၄၄၀၊ မန္တလေးမြို့၌ ဦးမောင်မောင် [ဦးစီးအရာရှိ (ငြိမ်း)၊ ဆည်မြောင်း] ဖုန်း-၀၂-၃၁၈၃၆၊ မကွေးမြို့၌ ဦးကျော်ညွန့် (ဗဟိုတရားရုံးရှေ့နေ) ဖုန်း-၀၆၃-၂၂၁၈၀၊ ရေနံချောင်းမြို့၌ ဦးစိန်မောင်ညို (ကျောင်းအုပ်ဆရာကြီး) ဖုန်း-၀၆၀-၂၁၀၆၇၊ ဦးမြမောင် (အတွင်းရေးမှူး) ဖုန်း-၀၆၀-၂၁၁၁၁နှင့် ဦးဝင်းထွန်း (လေယာဉ်ပျံဆေးလိပ်ခုံ) ဖုန်း-၀၆၀-၂၁၁၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃) ကော်လံ(၂)ပါ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ငွေတံဆိပ်နှစ်ခု ထပ်မံရရှိသတင်း၌ ဖော်ပြထားသည့် အမျိုးသမီး မီတာ (၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲနှင့် မီတာ (၅၀၀၀)ပြိုင်ပွဲ စံချိန်များကို နာရီ၊ စက္ကန့် (အစား) မိနစ်၊ စက္ကန့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

ကေခိုင်မျိုးထွန်း လမ်းလျှောက်ပြိုင်ပွဲ၌ ရွှေဆွတ်ခူး မြန်မာအဖွဲ့ ရွှေ၊ ငွေနှင့် ကြေးတံဆိပ်များထပ်မံဆွတ်ခူး

ရန်ကုန် ဒီဇင်ဘာ ၁၅

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဆက်လက်ကျင်းပနေသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားမယ်ကေခိုင်မျိုးထွန်းသည် ကီလိုမီတာ၂၀ အမျိုးသမီးလမ်းလျှောက်ပြိုင်ပွဲ၌ ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိသည်။

ဆွတ်ခူး

ထို့အတူ အောင်ငိုမ်းသည် မီတာ၇၀ ကွန်ပေါင်း အမျိုးသမီးတစ်ဦးချင်း မြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုနှင့် ဇော်ဝင်းထိုက်သည် မီတာ၇၀ ရီကပ်အမျိုးသား တစ်ဦးချင်း မြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတို့ကို ဆွတ်ခူးရရှိသည်။

မာရသွန်

အလားတူ နီလာစန်းသည် အမျိုးသမီးမာရသွန်အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု၊ စောမာလာနွယ်သည် ကီလိုမီတာ၂၀ အမျိုးသမီးလမ်းလျှောက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု၊ ဝေလင်းဦးသည် ဂူရှူး(ဆန်းဆို) ကီလို၆၀တန်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုနှင့် ငြိမ်းငြိမ်းအောင်သည် ၄၅-၅၀ကီလိုတန်း အမျိုးသမီး သိုင်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုတို့ကို ဆွတ်ခူးရရှိပြီး စုစုပေါင်း ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်လေးခုတို့ကို ထပ်မံဆွတ်ခူးရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကီလိုမီတာ ၂၀ အမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲ၌ပထမရွှေတံဆိပ်ဆုရရှိသည့် မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားမယ် ကေခိုင်မျိုးထွန်း။ (အား/ကာ)

မီတာ ၇၀ ရီကပ် အမျိုးသား တစ်ဦးချင်း မြားပစ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသည့် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမား ဇော်ဝင်းထိုက်။ (အား/ကာ)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ထိုင်း	၅၁	၅၇	၆၅	၁၇၃
ဗီယက်နမ်	၄၅	၄၆	၄၁	၁၃၂
စင်ကာပူ	၃၁	၂၂	၃၁	၈၄
မလေးရှား	၂၆	၂၉	၄၅	၁၀၀
အင်ဒိုနီးရှား	၂၆	၂၇	၄၈	၁၀၁
ဖိလစ်ပိုင်	၂၃	၂၃	၃၅	၈၁
လာအို	၂၂	၁၁	၃၅	၆၈
မြန်မာ	၇	၁၄	၂၉	၅၀
ကမ္ဘောဒီးယား	၂	၆	၁၈	၂၆
ဘရူနိုင်း	၁	၁	၈	၁၀
တီမောလက်စတေ	၀	၀	၃	၃

မြားပစ်ပြိုင်ပွဲ၌ ငွေတံဆိပ်ရ

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မီတာ ၇၀ ကွန်ပေါင်း အမျိုးသမီး တစ်ဦးချင်း မြားပစ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသည့် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားမယ် အောင်ငိုမ်း။ (အား/ကာ)

နိုင်ငံနှင့်ပြည်သူ၏ တိုးတက်မှုအနာဂတ်အတွက် အာမခံချက်ပေးမည့် ဧရာဝတီမြစ်ကူးတံတားသစ်ကြီးများ

ဒီဇင်ဘာ ၁၂ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဧရာဝတီတံတား(စင်းခန်း) စီမံကိန်းရှင်းလင်းဆောင်ရွက်ရပ်မှ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်အကြီးအကဲရဲ့ အခုရက်ပိုင်း ခရီးစဉ်များအတွင်း ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်နယ်မြေ၊ ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီးမှာရှိတဲ့ ဧရာဝတီတံတား(စင်းခန်း)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်နဲ့ ပခုက္ကူမြို့အနီးမှာရှိတဲ့ ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးတဲ့ သတင်းတွေ ရုပ်မြင်သံကြားမှာရော နေ့စဉ်သတင်းစာများမှာပါ မြိုင်မြိုင်ဆိုင်ဆိုင် ဖတ်ရှု လေ့လာမြင်တွေ့ခွင့်ရခဲ့ပါတယ်။ အထူးသဖြင့် ဧရာဝတီတံတား(စင်းခန်း)နဲ့ ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းခွင် မြင်ကွင်းတွေကို ကြည့်ရှုရင်း နိုင်ငံရဲ့ လမ်း၊ တံတားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ချက်တွေ အပေါ် အထူးပဲ နှစ်ထောင်းအားရ ဖြစ်မိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်အတွက် ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီး လိုအပ်မယ့် အခြေခံအဆောက်အအုံ(Infrastructure)တွေကို နေ့မအား၊ ညမနား ပုံဖော်တည်ဆောက်ပေးလျက်ရှိပါတယ်။ အဲဒီလို တည်ဆောက် ပုံဖော်ဆောင်ရွက်နေရာမှာ "မိမိတို့၏ ညီအစ်ကိုမောင်နှမ သွေးချင်းသားချင်း တိုင်းရင်းသားများအကြား ဆူကြုံနိမ့်မြင့် ကွာဟချက်များ နည်းနိုင်သမျှနည်းစေရမည်၊ ပြည်ထောင်စုကြီး၏ ဒေသအသီးသီး မြန်မြန်ဆန်ဆန် မျှမျှတတ ဖွံ့ဖြိုးလာစေရမည်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရမည်" ဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံစေတနာနဲ့ ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းပဲ ဖြစ်ပါတယ်။ ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းနဲ့ ခေတ်မီဆက်သွယ်ရေး ဆက်ကြောင်းများကို တိုးတက်ကောင်းမွန်အောင် တိုးချဲ့ဆောင်ရွက်နိုင်တာနဲ့အမျှ ဒေသတစ်ခုနဲ့တစ်ခုအကြား သွားလာဆက်သွယ်မှု လွယ်ကူမြန်ဆန်ပြီး တိုင်းရင်းသားအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံလာနိုင်မှာဖြစ်တဲ့အပြင် ကုန်စည်စီးဆင်းမှုပါ သွက်လက်မြန်ဆန်လာပြီး သက်ဆိုင်ရာဒေသများဟာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ မလွဲမသွေပဲ ဖြစ်ပါတယ်။

ယခုတည်ဆောက်နေတဲ့ ဧရာဝတီတံတား(စင်းခန်း)စီမံကိန်းဟာ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ဧရာဝတီမြစ်ရဲ့ ဒုတိယမြစ်ကျဉ်းအထက် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီးမှာ တည်ဆောက်နေတဲ့ တံတားကြီးဖြစ်ပါတယ်။ အဲဒီတံတားကို ၂၀၀၉ ခုနှစ် မေလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်လမ်းမောင်းကားလမ်းနဲ့ မီးရထားလမ်းတစ်လမ်း ယှဉ်တွဲပါရှိတဲ့ တံတားကြီးဖြစ်ပါတယ်။ ဧရာဝတီမြစ်ကူးတံတား (စင်းခန်း) တည်ဆောက်ပြီးစီးသွားပါက မြန်မာနိုင်ငံအနှံ့အပြားက ကုန်စည်များ ဗန်းမော်မြို့အထိ ကား၊ ရထားတို့နဲ့ လျှင်မြန်စွာ သွားလာစီးဆင်းနိုင်မှာဖြစ်သလို နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက်ကတစ်ဆင့် တရုတ်နိုင်ငံနဲ့လည်း အပြန်အလှန် ကုန်စည်ကူးသန်းရောင်းဝယ်နိုင်တော့မှာ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒေသခံပြည်သူအားလုံးအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မှာ အမှန်ပါပဲ။

ဧရာဝတီမြစ်ကူးတံတား(စင်းခန်း)ဟာ ပင်မတံတားအရှည် ၃၂၁၅ ပေ၊ ကသာဘက်ကမ်း ချဉ်းကပ်တံတားအရှည် ပေ၇၁၀၊ ဗန်းမော်ဘက်ကမ်း ချဉ်းကပ်တံတားအရှည် ပေ ၇၇၀ စုစုပေါင်း ကားလမ်းတံတား အရှည် ၄၆၉၅ ပေနဲ့ ကမ်းနှစ်ဖက် ချဉ်းကပ်မီးရထားတံတား အရှည် ၂၂၉၅ ပေ အပါအဝင် စုစုပေါင်း မီးရထားတံတား အရှည်ပေ ၅၅၁၀ ရှိတဲ့ သံကူကွန်ကရစ် သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပါတယ်။ လူသွားလမ်း တစ်ဖက် သုံးပေစီအပါအဝင် ယာဉ်သွားလမ်းအကျယ် ၂၈ ပေ ရှိပြီး ရထားလမ်းအကျယ် ၁၄ပေ ရှိပါတယ်။ ရေလမ်းကင်းလွတ် အမြင့်၄၇ပေ၊ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်၇၅တန်အထိ မောင်းနှင်သွားလာနိုင်မှာ ဖြစ်ပါတယ်။

ဧရာဝတီမြစ်ကူးတံတား(စင်းခန်း)ဟာ အသစ်ဖောက်လုပ်လျက်ရှိတဲ့ ကသာ-ဗန်းမော် ရထားလမ်းပိုင်းမှာပါဝင်တဲ့ တံတားကြီးလည်း ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် ကသာနဲ့ဗန်းမော် ဒေသတွေဟာ အဓိကဆက်သွယ်ရေးလမ်းမကြီးတွေနဲ့ တိုက်ရိုက်ထိတွေ့ ဆက်စပ်မှုမရှိဘဲ အလှမ်းဝေးတဲ့ဒေသတွေ၊ ချောင်ကျတဲ့ ဒေသတွေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း အဘက်ဘက်မှာ နောက်ကျခဲ့တာ၊ နိမ့်ကျခဲ့တာ အမှန်ပါပဲ။ အခုတော့ ဒီအခြေအနေ

ကျော်ရဲမင်း

ဆိုးတွေကနေ ကျော်လွှားလွန်မြောက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် နိုင်ငံတော်က ဒီဒေသနေ ပြည်သူတွေရဲ့ ရေရှည် အနာဂတ်အကျိုးစီးပွားကိုမျှော်ကိုးပြီး မန္တလေး-တကောင်း-ဗန်းမော်ကားလမ်းကို ဖောက်လုပ်ပေးခဲ့သလို ယခု ကသာ-ဗန်းမော် ရထားလမ်းနဲ့ ဧရာဝတီမြစ်ကူးတံတား(စင်းခန်း)တို့ကို ဖောက်လုပ်တည်ဆောက်ပေးနေခြင်းကြောင့်ပဲ ဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်မှုမကောင်းတဲ့အတွက် ဝေးလံသီခေါင်တဲ့ ဒေသတွေလိုဖြစ်နေတဲ့ နိုင်ငံရဲ့မြောက်ဖျားဒေသများကို ကားလမ်း၊ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးပြီး တစ်ဖက်ကလည်း ရေအားလျှပ်စစ်စီမံကိန်းများကိုပါ ဆက်စပ်အကောင်အထည်ဖော်ပေးနေတဲ့အတွက် ဒီဒေသကြီးဟာ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာမှာ မြေကြီးလက်ခတ်မလွဲပါပဲ။ ဒေသဖွံ့ဖြိုးလာတာနဲ့အမျှ ဒီဒေသအတွင်း မှီတင်းနေထိုင်ကြတဲ့ ကချင်၊ ရှမ်း၊ ဗမာစတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဘဝအဆင့်အတန်းဟာလည်း မြင့်မားတိုးတက်လာမှာသာ ဖြစ်ပါတယ်။ ရေနဲ့ကြာပမာ ရေမြင့်တာနဲ့ ကြာလည်းတင့်လာမှာ မဟုတ်ပါလား။ ဒါတွေကိုကြည့်ရင် နိုင်ငံတော်အစိုးရအနေနဲ့ မိမိတို့ တိုင်းရင်းသားလူမျိုးများရဲ့ ရှေ့အလားအလာကောင်းကို မျှော်မှန်းပြီး အမှန်တကယ် လိုအပ်လျက်ရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံတွေကို ပြည်ထောင်စုကြီးရဲ့ နေရာဒေသအနှံ့မှာ ကြိုးပမ်းတည်ဆောက်ပေးနေတယ်ဆိုတာ ထင်ရှားလွန်းလှပါတယ်။

အလားတူ နိုင်ငံတော်အစိုးရအနေနဲ့ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာနဲ့ အနောက်ဘက်ခြမ်း ပခုက္ကူမြို့တို့ကို ဆက်သွယ်ပေးမယ့် ဧရာဝတီတံတား(ပခုက္ကူ)ကို တည်ဆောက်နိုင်ဖို့ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ တံတားတည်ဆောက်နိုင်ရန် တံတားအုတ်မြစ်နေရာများ သတ်မှတ်တိုင်းတာ လျာထားခြင်း၊ မြစ်ရေစီးနှုန်းတိုင်းတာခြင်း၊ လိုအပ်တဲ့

စက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ
တည်ဆောက်ရေး အကြိုလုပ်ငန်းများကို
တယ်။ အဲဒီတံတား အူကြောင်းအရ တံ
နိုင်ငံမှာ အရှည်ဆုံးတံတားကြီးအဖြစ်
တယ်။ ဒေသအတွက် အင်မတန်မှ
ကောင်းတဲ့ မျှော်လင့်ချက်သစ် တစ်ရပ်

တံတားကြီးဟာ ပင်မတံတားအရှည်
မိုင်) ရှိမှာဖြစ်ပြီး ကားလမ်းနဲ့ ရထားလမ်
တယ်။ သံကူကွန်ကရစ် သံမဏိသံပေါင်
ဖြစ်ပြီး နှစ်လမ်းသွား ကားလမ်းအကျယ်
အကျယ် ၁၄ ပေနဲ့ ရေလမ်းကင်းလွတ်အ
တယ်။ တစ်ဖက်မှာ လူသွားလမ်းအကျ
ပါရှိမှာ ဖြစ်ပါတယ်။ အဲဒီ ဧရာဝတီ
ပခုက္ကူ-မြင်းချိုင့်-လက်ပံခြေပေါ်-သ
ရထားလမ်းပိုင်းမှာပါဝင်တဲ့ တံတားကြ

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆေ
ရှင်းလင်းတင်ပြချက်များနဲ့စပ်လျဉ်းပြီး နို
လမ်းညွှန်မှာကြားရာမှာ တံတားတည်ဆော
လမ်းဖောက်လုပ်သူက လမ်းဖောက် တ
များကို တစ်ပြိုင်တည်း အမြန်လုပ်ကို
စီမံသွားကြရန်ဖြစ်ကြောင်း၊ တံတားက
အရှည်ဆုံးတံတားကြီးဖြစ်သဖြင့် အစ
စံညွှန်းများနှင့်အညီ လုပ်ကိုင်သွားကြရန်
တံတားကြီးကို အမြန်ဆုံး၊ အကောင်းဆုံးဖြ
ခြင်းဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ လုပ်
ကိုယ်ပိုင်အရည်အသွေးကို မှတ်ကျေ
ကြောင်း၊ ထို့ကြောင့် ဤစီမံကိန်းကြီး
စံနမူနာစီမံကိန်းကြီးအဖြစ် မှတ်တမ်းပြု
ထား ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်
လမ်းညွှန်မှာကြားခဲ့ပါတယ်။ တကယ့်ကို
ထိရောက် တိကျမှန်ကန်မှုရှိတဲ့ လုပ်
ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ ခရီးစဉ်သ
ဝတီမြစ် အနောက်ဘက်ခြမ်းဒေသမြို့
စည်ပင်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ စိမ်း
အနေ၊ တက္ကသိုလ်များ၊ စာသင်ကျောင်း
များ၊ မြို့တွင်းလမ်းများ စတဲ့ မြို့ပြအ
ဖြစ်ထွန်းမှု အခြေအနေတွေကိုပါ တွေ့
နဲ့မတူ တစ်မူထူးပြီး သိသိသာသာ တို
ပခုက္ကူဒေသရဲ့ မြင်ကွင်းတွေဟာ နောင်
စည်ပင်လာမှာ သေချာနေတဲ့အကြောင်း
က ရေရာခိုင်မာတဲ့ အာမခံချက်ပေးနိုင်

ဧရာဝတီမြစ်ကြီးဟာ မြန်မာနိုင်ငံရဲ့ အ
ပြီး မြောက်မှတောင်ကို စီးဆင်းနေတဲ့အ
အသက်သွေးကြောမကြီးပမာ အထူ
ဒါပေမယ့် နိုင်ငံကို အရှေ့ခြမ်း၊ အနောက
ဖြစ်နေတဲ့အတွက် တကယ်တမ်းပြောရ
နေရာတွေမှာ မြစ်ကူးတံတားကြီးပေါင်



စက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများစုဖွဲ့ခြင်းစတဲ့ တံတား တည်ဆောက်ရေး အကြိုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတံတား အူကြောင်းအရ တံတားအရှည်ဟာ မြန်မာနိုင်ငံမှာ အရှည်ဆုံးတံတားကြီးအဖြစ် ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ ဒေသအတွက် အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူစရာကောင်းတဲ့ မျှော်လင့်ချက်သစ် တစ်ရပ်ပါပဲ။

တံတားကြီးဟာ ပင်မတံတားအရှည် ၁၁၄၃၁ ပေ (၂ဒသမ၁၆ မိုင်) ရှိမှာဖြစ်ပြီး ကားလမ်းနဲ့ ရထားလမ်း ယှဉ်တွဲပါရှိမှာ ဖြစ်ပါတယ်။ သံကူကွန်ကရစ် သံမဏိသံပေါင်အမျိုးအစား တံတားကြီးဖြစ်ပြီး နှစ်လမ်းသွား ကားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေနဲ့ ရေလမ်းကင်းလွတ်အမြင့် ၅၂ ပေ ရှိမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာ လူသွားလမ်းအကျယ် သုံးပေ သုံးလက်မစီပါရှိမှာ ဖြစ်ပါတယ်။ အဲဒီ ဧရာဝတီတံတား(ပခုက္ကူ) ဟာ ပခုက္ကူ-မြင်းချိုင့်-လက်ပံခြေပေါ်-သစ်ထောက်-ညောင်ဦး ရထားလမ်းပိုင်းမှာပါဝင်တဲ့ တံတားကြီးလည်း ဖြစ်ပါတယ်။

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များနဲ့စပ်လျဉ်းပြီး နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားရာမှာ တံတားတည်ဆောက်သူက တံတားဆောက်၊ လမ်းဖောက်လုပ်သူက လမ်းဖောက် တည်ဆောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း အမြန်လုပ်ကိုင်ဆောင်ရွက်နိုင်အောင် စီမံသွားကြရန်ဖြစ်ကြောင်း၊ တံတားကြီးသည် နိုင်ငံတော်၏ အရှည်ဆုံးတံတားကြီးဖြစ်သဖြင့် အစစအလေးဂရုပြု၍ စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်သွားကြရန်လိုကြောင်း၊ အရှည်ဆုံးတံတားကြီးကို အမြန်ဆုံး၊ အကောင်းဆုံးဖြစ်အောင် တည်ဆောက်ခြင်းဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ လုပ်ကိုင်ဖန်တီးနိုင်စွမ်းရှိသည့် ကိုယ်ပိုင်အရည်အသွေးကို မှတ်ကျောက်တင်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤစီမံကိန်းကြီးကို နိုင်ငံတော်အတွက် စံနမူနာစီမံကိန်းကြီးအဖြစ် မှတ်တမ်းပြုနိုင်ရန် ဖိဖိစီးစီး အလေးထား ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း စသဖြင့် အသေးစိတ် လမ်းညွှန်မှာကြားခဲ့ပါတယ်။ တကယ့်ကို သင့်မြတ်လျော်ကန်ပြီး ထိရောက် တိကျမှန်ကန်မှုရှိတဲ့ လုပ်ငန်းလမ်းညွှန်ချက်တွေပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ ခရီးစဉ်သတင်းကိုကြည့်ရင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသမြို့တော်ဖြစ်တဲ့ ပခုက္ကူမြို့ရဲ့ စည်ပင်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ စိမ်းလန်းစိုပြည်နေမှု အခြေအနေ၊ တက္ကသိုလ်များ၊ စာသင်ကျောင်းများ၊ ရုံးအဆောက်အအုံများ၊ မြို့တွင်းလမ်းများ စတဲ့ မြို့ပြအခြေခံအဆောက်အအုံများ ဖြစ်ထွန်းမှု အခြေအနေတွေကိုပါ တွေ့မြင်ခဲ့ရပါတယ်။ ယခင်နဲ့မတူ တစ်မူထူးပြီး သိသိသာသာ တိုးတက်ပြောင်းလဲလာတဲ့ ပခုက္ကူဒေသရဲ့ မြင်ကွင်းတွေဟာ နောင်မှာ ဒီ့ထက်ဒီ တိုးတက်စည်ပင်လာမှာ သေချာနေတဲ့အကြောင်း ဧရာဝတီတံတား(ပခုက္ကူ) က ရေရာခိုင်မာတဲ့ အာမခံချက်ပေးနိုင်ခဲ့ပါပြီ။

ဧရာဝတီမြစ်ကြီးဟာ မြန်မာနိုင်ငံရဲ့ အလယ်ဗဟိုကို ဖြတ်သန်းပြီး မြောက်မှတောင်ကို စီးဆင်းနေတဲ့အတွက် နိုင်ငံနဲ့ ပြည်သူရဲ့ အသက်သွေးကြောမကြီးပမာ အထူးအရေးပါလှပါတယ်။ ဒါပေမယ့် နိုင်ငံကို အရှေ့ခြမ်း၊ အနောက်ခြမ်း ခွဲခြားထားသလို ဖြစ်နေတဲ့အတွက် တကယ်တမ်းပြောရရင် အချက်အချာကျတဲ့ နေရာတွေမှာ မြစ်ကူးတံတားကြီးပေါင်းများစွာ တည်ဆောက်ပေးဖို့ လိုအပ်ခဲ့တာ အမှန်ပါပဲ။ သို့သော် သူ့ကျွန်ဘဝ နှစ်ပေါင်း တစ်ရာကျော်အတွင်း ကိုလိုနီနယ်ချဲ့တို့ တည်ဆောက်ပေးခဲ့တဲ့ တစ်စင်းတည်းသော ဧရာဝတီမြစ်ကူး ‘‘အင်းဝ’’ တံတားကိုသာ တစ်နိုင်ငံလုံး မှီခိုအားကိုးခဲ့ရတာ ကြာခဲ့လှပါပြီ။ ဒါကြောင့်လည်း တပ်မတော် အစိုးရလက်ထက်မှာ အင်းဝတံတားကြီးနဲ့အပြိုင် နောက်ထပ် ဧရာဝတီမြစ်ကူးတံတားကြီး ရှစ်စင်းကို အထင်ကရ ဂုဏ်ယူဝင့်ကြွားဖွယ် တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီတံတားကြီးတွေကတော့ ၁၈-၉-၉၇ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တဲ့ ပဲခူးတိုင်း ပြည်မြို့ နဝဒေးတံတား ၄၁၈၃ ပေ၊ ၁၀-၂-၉၈ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တဲ့ ဧရာဝတီတိုင်း မအူပင်မြို့ မအူပင်တံတား ၂၃၆၂ ပေ၊ ၁၄-၁၁-၉၈ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဗလမင်းထင်တံတား ၂၆၈၈ ပေ၊ ၁၅-၁၁-၉၉ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တဲ့ ဧရာဝတီတိုင်း ညောင်တုန်းမြို့ ဗိုလ်မြတ်ထွန်းတံတား ၈၅၄၄ပေ၊ ၄-၄-၀၁ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တဲ့ မကွေးတိုင်း ချောက်မြို့ အနော်ရထာတံတား ၅၁၉၂ ပေ၊ ၂၄-၁၁-၀၂ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တဲ့ မကွေးတိုင်း မကွေးမြို့ ဧရာဝတီတံတား(မကွေး) ၈၉၈၉ ပေ၊ ၂၃-၃-၀၃ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တဲ့ ဧရာဝတီတိုင်း ဒေးဒရဲမြို့ ဒေးဒရဲတံတား ၄၀၈၈ဒသမ၃ပေ၊၁၁-၄-၀၈ရက်နေ့မှာဖွင့်လှစ်ခဲ့တဲ့မန္တလေးတိုင်း အမရပူရမြို့နယ် ဧရာဝတီတံတား(ရတနာပုံ) ၅၆၁၄ ပေတို့ပဲ ဖြစ်ပါတယ်။

ယခုအခါမှာ ဧရာဝတီမြစ်ကို လက်ယှက်ထိုး ဖြတ်ကူးနိုင်ဖို့ နောက်ထပ် ဧရာဝတီမြစ်ကူးတံတားသစ်တွေဖြစ်တဲ့ စင်းခန်းတံတား၊ မလွန်တံတား၊ ပခုက္ကူတံတားနဲ့ ညောင်တုန်းတံတားများကိုလည်း တစ်ပြိုင်နက်နီးပါးပြီးစီးအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကိုလိုနီခေတ်က တံတားအဟောင်းတစ်စင်း၊ ယခု တပ်မတော်အစိုးရလက်ထက် တံတားသစ်ကြီး ရှစ်စင်းနဲ့ နောက်ထပ်တည်ဆောက်နေတဲ့ တံတားသစ်ကြီး လေးစင်းတို့ဟာ ကြွားကြွားရွားရွား ဝင့်ဝင့်ထည်ထည်နဲ့ နိုင်ငံအကျိုး၊ ဒေသအကျိုးနဲ့ ပြည်သူ့အကျိုးကို သယ်ပိုးရင်း သူ့ထက်ငါ အလှချင်းပြိုင်နေကြပြီလို့ ဆိုနိုင်ပါတယ်။ ယခုလို မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း အစီအရီ ပေါ်ထွန်းလာနေခြင်းဟာ နိုင်ငံနဲ့လူမျိုးရဲ့ စီးပွားရေးအင်အား တိုးတက်ခိုင်မာလာမှု၊ စိတ်ဓာတ်စွမ်းအား၊ အတတ်ပညာနဲ့ နည်းပညာစွမ်းအား ပြည့်ဝမြင့်မားလာမှု၊ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံနဲ့ပြည်သူရဲ့ အနာဂတ်အတွက် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံတွေကို စနစ်တကျ အကွက်ချဖြည့်ဆည်းဆောင်ရွက်ပေးနေမှုဆိုတဲ့ အခြေခံကောင်းတွေကို ဖော်ညွှန်းပြဆိုနေခြင်းလည်း ဖြစ်ပါတယ်။ အဓိကအားဖြင့် နိုင်ငံတော်အစိုးရက နိုင်ငံနဲ့ပြည်သူ အပေါ်ထားရှိတဲ့ စေတနာကို မီးမောင်းထိုးပြနေတဲ့ ပြယုဂ်များ လည်း ဖြစ်ပါတယ်။

ယခင်က ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေတဲ့ ဒေသများကို အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာအောင် တောင်ပေါ်မြေပြန့် မြစ်ချောင်းခြားနားနေတဲ့ ဒေသများအားလုံး ရေမြေ တစ်ဆက်တစ်စပ်တည်းဖြစ်လာအောင် တပ်မတော်အစိုးရ လက်ထက်မှာ လမ်း၊ တံတားအခြေခံများကို အခုလို မဟာဗျူဟာကျကျ အကွက်ချပြီး အလုံးအရင်းနဲ့ တည်ဆောက်ပေးနေခြင်း

ယခုအခါမှာ ဧရာဝတီမြစ်ကို လက်ယှက်ထိုး ဖြတ်ကူးနိုင်ဖို့ နောက်ထပ် ဧရာဝတီမြစ်ကူးတံတားသစ်တွေဖြစ်တဲ့ စင်းခန်းတံတား၊ မလွန်တံတား၊ ပခုက္ကူတံတားနဲ့ ညောင်တုန်းတံတားများကိုလည်း တစ်ပြိုင်နက်နီးပါးပြီးစီးအောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကိုလိုနီခေတ်က တံတားအဟောင်းတစ်စင်း၊ ယခု တပ်မတော်အစိုးရလက်ထက် တံတားသစ်ကြီး ရှစ်စင်းနဲ့ နောက်ထပ်တည်ဆောက်နေတဲ့ တံတားသစ်ကြီး လေးစင်းတို့ဟာ ကြွားကြွားရွားရွား ဝင့်ဝင့်ထည်ထည်နဲ့ နိုင်ငံအကျိုး၊ ဒေသအကျိုးနဲ့ ပြည်သူ့အကျိုးကို သယ်ပိုးရင်း သူ့ထက်ငါ အလှချင်းပြိုင်နေကြပြီလို့ ဆိုနိုင်ပါတယ်။ ယခုလို မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း အစီအရီ ပေါ်ထွန်းလာနေခြင်းဟာ နိုင်ငံနဲ့လူမျိုးရဲ့ စီးပွားရေးအင်အား တိုးတက်ခိုင်မာလာမှု၊ စိတ်ဓာတ်စွမ်းအား၊ အတတ်ပညာနဲ့ နည်းပညာစွမ်းအား ပြည့်ဝမြင့်မားလာမှု၊ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံနဲ့ပြည်သူရဲ့ အနာဂတ်အတွက် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံတွေကို စနစ်တကျ အကွက်ချ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုဆိုတဲ့ အခြေခံကောင်းတွေကို ဖော်ညွှန်းပြဆိုနေခြင်း လည်း ဖြစ်ပါတယ်။ အဓိကအားဖြင့် နိုင်ငံတော်အစိုးရက နိုင်ငံနဲ့ပြည်သူ အပေါ်ထားရှိတဲ့ စေတနာကို မီးမောင်းထိုးပြနေတဲ့ ပြယုဂ်များလည်းဖြစ်။

ဖြစ်ပါတယ်။ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာတာနဲ့အမျှ စိတ်ဓာတ်နဲ့ အတွေးအမြင် ရင့်ကျက်ပြည့်ဝလာမှာ ဖြစ်ပါတယ်။ ဒါဆိုရင် ပြည်သူအားလုံးဟာ ဘေးပယောဂ အနှောင့်အယှက် အဟန့်အတားအဖုံဖုံကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး နိုင်ငံနဲ့လူမျိုး သားစဉ်မြေးဆက် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်စွမ်းလည်း မြင့်မားလာမှာ မုချပါပဲ။

ချုပ်ပြီးပြောရရင် နိုင်ငံတော်အကြီးအကဲရဲ့ ကြီးမားတဲ့ အမြော်အမြင်နဲ့ ဆင်ခြင်တွက်ဆ လမ်းညွှန်မှုအောက်မှာ အပြိုင်းအရိုင်း သီးပွင့်ဖြစ်ထွန်းဝေဆာလာတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ယခုအချိန်မှာ လက်ညှိုးထိုးမလွဲ ဖြစ်နေပါပြီ။ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှာ တိုးတက်အောင်မြင် ခိုင်မာလာခဲ့ပါပြီ။ ယခု တည်ဆောက်နေပြီဖြစ်တဲ့ ဧရာဝတီမြစ်ကူးတံတား အသစ်ကြီးများဟာလည်း အလှတွင်အယဉ်ဆင့်ဆိုသလို နိုင်ငံနဲ့ပြည်သူရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်အာမခံချက်ပေးနိုင်မယ့် စီမံကိန်းသစ်ကြီးများအဖြစ် ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများကို ခိုင်ခိုင်မာမာ တိုးချဲ့တည်ဆောက်နိုင်မှုနဲ့အတူ မိမိတို့နိုင်ငံနဲ့ပြည်သူရဲ့ တိုးတက်မှု အနာဂတ်အလားအလာတွေ ပိုမိုအားကောင်းပြီး ပိုမိုခိုင်မာလာမှာဖြစ်ပါကြောင်း ဂုဏ်ပြုကြိုဆို ရေးသားတင်ပြလိုက်ရပါတယ်။ ။

ဧရာဝတီတံတား (ရတနာပုံ)

နိုင်ငံတော်အစိုးရ အနေဖြင့် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်အတွက် ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီး ပြည်ထောင်စုကြီး၏ ဒေသအသီးသီး မြန်မြန်ဆန်ဆန် မျှမျှတတ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းကို ပေါင်းကူးယှက်နွယ် တည်ဆောက်ပေးခဲ့သည့် ဧရာဝတီတံတား(ရတနာပုံ)အား ဤသို့ ထည်ဝါခံ့ညားစွာ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း

စိုက်ပျိုးတိုးတက်ထုတ်လုပ်မှုသည် မြန်မာနိုင်ငံ၏အခြေခံအကျဆုံး စီးပွားရေးလုပ်ငန်းဖြစ်

နိုင်ငံတော်က လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို အတွေးအမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်နေ

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လူအများပါဝင်ဆောင်ရွက်နိုင်ရေးအားပေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး မြန်မာ့ကျေးလက်ဒေသစီးပွားရေးအခြေအနေပြောင်းလဲစေနိုင်မည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ နီးနှောဖလှယ်ပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) တို့ ပူးပေါင်းစီစဉ်သည့် ဒုတိယအကြိမ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒအပေါ် အာရှ၊ ပစိဖိတ်ဒေသအတွင်းနှင့် ဒေသပြင်ပ အတွေ့အကြုံများဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲနှင့် နီးနှောဖလှယ်ပွဲကို ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ရှေးဦးစွာ နံနက် ၉နာရီတွင် မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)၏ အမှုဆောင် အတွင်းရေးမှူးချုပ် Dr. Noeleen Heyzen၊ အမေရိကန်နိုင်ငံ ကိုလံဘီယာ တက္ကသိုလ်မှ စီးပွားရေးပညာရှင် ပါမောက္ခ Joseph Stiglitz ၊ Centre for Alleviation of Poverty through Secondary Crops' Development in Asia and the Pacific (CAPSA-ESCAP) မှ ဒါရိုက်တာ Mr. LeRoy Hollenbeck ၊ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B. Parajuli ၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ စီးပွားရေးနှင့် လူမှုရေးပညာရှင်များ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)၏ အမှုဆောင် အတွင်းရေးမှူးချုပ် Dr. Noeleen Heyzer က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ စီးပွားရေးပညာရှင် ပါမောက္ခ Joseph Stiglitz က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု စီးပွားရေးဆိုင်ရာ မူဝါဒများတွင် ပါဝင်ရမည့် အချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မမဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားဌာန ပါမောက္ခ ဒေါက်တာ ဒေါ်ဒေါ်လီကျော်တို့က မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် စာတမ်းများကို ဖတ်ကြားတင်ပြကြရာ ပညာရှင်များနှင့် တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးမေးမြန်းကြသည်။

ပြန်လည်မေးမြန်း

ဆက်လက်၍ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်များအဖွဲ့ အတွင်းရေးမှူး ဦးတင်ထွဋ်ဦးနှင့် ဩစတြေးလျနိုင်ငံ အမျိုးသားတက္ကသိုလ်မှ Visiting Research Fellow ဖြစ်သည့် Dr. Ikuko OKAMOTO တို့က မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် စာတမ်းများကို ဖတ်ကြားတင်ပြကြရာ ပညာရှင်များနှင့် တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးမေးမြန်းကြသည်။

ထို့နောက် ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(ESCAP)၏အမှုဆောင် အတွင်းရေးမှူးချုပ် Dr. Noeleen Heyzer နှင့် အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ စီးပွားရေးပညာရှင် ပါမောက္ခ Joseph Stiglitz တို့က နိဂုံးချုပ် အမှာစကား ပြောကြားကြပြီး စားပွဲဝိုင်းဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

ယင်းနောက် ညနေ ၃နာရီတွင် မြန်မာ့ကျေးလက်ဒေသ စီးပွားရေးအခြေအနေ ပြောင်းလဲစေနိုင်မည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍ နီးနှောဖလှယ်ပွဲကို ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွေး၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ Under Secretary General နှင့်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)၏ အမှုဆောင် အတွင်းရေးမှူးချုပ်Dr.Noeleen Heyzer၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ အမေရိကန်နိုင်ငံ ကိုလံဘီယာ တက္ကသိုလ်မှ စီးပွားရေးပညာရှင် ပါမောက္ခ Joseph Stiglitz Centre for Allevlation of Poverty through Secondary Crops' Development in Asia and the Pacific (CAPSA-ESCAP) မှ ဒါရိုက်တာ Mr.LeRoy Hollenbeck ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr.Bishow B. Parajuli၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ စီးပွားရေးနှင့် လူမှုရေး ပညာရှင်များ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်

ကုလသမဂ္ဂ **Under Secretary General နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(ESCAP)၏ အမှုဆောင် အတွင်းရေးမှူးချုပ်** Dr. Noeleen Heyzer **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒအပေါ် အာရှ၊ ပစိဖိတ်ဒေသအတွင်းနှင့် ဒေသပြင်ပအတွေ့အကြုံများဆိုင်ရာ စားပွဲဝိုင်း ဆွေးနွေးပွဲနှင့် နီးနှောဖလှယ်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရှင်များ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နီးနှောဖလှယ်ပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ ယခုအစည်းအဝေးသည် မိမိတို့အားလုံးအတွက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ၌ မူဝါဒများနှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ အတွေးအမြင်များ ဖလှယ်နိုင်ရေးအတွက် အခွင့်အရေး တစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့၏ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ အတွေးအမြင်များကို တက်ရောက်လာကြသည့် ပုဂ္ဂိုလ်အားလုံးနှင့် ဖလှယ်ခွင့်ရသည့်အတွက်များစွာဝမ်းမြောက်ပါကြောင်း ပြောကြားလိုကြောင်း။

အခြေခံမူဝါဒ

အာရှနှင့် ပစိဖိတ်ဒေသတွင်ရှိသည့် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် တည်ငြိမ်အေးချမ်းသာယာမှုအတွက် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို မှီခိုအားထားနေကြရကြောင်း၊ အလားတူ အမျိုးသားစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်မှုနှင့်လူမှုဖူလုံရေးသည်လည်း တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုကို အပြန်အလှန် မှီခိုလျက်ရှိကြောင်း၊ ထို့ကြောင့် တည်ငြိမ်မှု၊ အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးမှုတို့သည် မိမိတို့အတွက် ခွဲခြား၍ မရစကောင်းသော အရာများဖြစ်ကြောင်း၊ ဤအကြောင်း သုံးချက်သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံ မူဝါဒပင်ဖြစ်ကြောင်း။

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှု ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ပေးခြင်းပင် ဖြစ်ကြောင်း၊ ဤအချက်သည် မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်အတွက် အရေးကြီးသော အကြောင်းခြင်းရာပင် ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာနှင့်ယှဉ်၍ ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပျက်သုဉ်းမှု၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်စေသော ရာသီဥတုပြောင်းလဲမှုများ၊ စီးပွားရေးကျဆင်းမှုများ၊ ကုန်သွယ်မှုမညီမျှမှုများ၏ လှိုင်းဂယက်များက ရိုက်ခတ်မှုကို အနည်းနှင့်အများ ခံစားရလျက်ရှိရာ ဤဒဏ်ချက်များကို ခံနိုင်ရန်ရှိစေသည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသည် အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များတွင် အချက်အချာအကျဆုံးဖြစ်ကြောင်း၊ ဤသည်ကို သိရှိပြီး မြန်မာနိုင်ငံအစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးရေးအတွက် အမျိုးသားအဆင့် ကော်မတီကြီး(၃)ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤကော်မတီကြီးများမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဗဟိုကော်မတီ၊ မိမိကိုယ်တိုင် ဦးဆောင်သော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီနှင့် အမျိုးသား စားနပ်ရိက္ခာဖူလုံရေး ကော်မတီတို့ဖြစ်ကြောင်း။

သတ်မှတ်ကျင့်သုံး

စားနပ်ရိက္ခာဖူလုံမှုနှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုတို့သည် ဒေသနေလူအများ၏ ဝင်ငွေတိုးတက်ရေးကို မှီခိုနေသောကြောင့် စိုက်ပျိုးရေး တိုးတက်ထုတ်လုပ်မှုသည် မြန်မာနိုင်ငံ၏ အခြေခံအကျဆုံးသော စီးပွားရေးလုပ်ငန်းအဖြစ် သတ်မှတ် ကျင့်သုံးခဲ့ကြောင်း၊ စိုက်ပျိုးရေး တိုးတက်ထုတ်လုပ်မှုအတွက် အဓိကကျသော အခြေခံအချက်မှာ စိုက်ပျိုးရေရရှိရေးနှင့် ရေကိုရေရှည်တည်တံ့စွာ အကျိုးရှိရှိ အသုံးချနိုင်ရေးဖြစ်ကြောင်း၊ ထို့ကြောင့် ဆည်၊ တာတမံ ၂၂၈ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ခု၊ အပူပိုင်းဇုန်ဒေသများတွင် ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပြုပြင်ခြင်း၊ မြေအောက်ရေတွင်းပေါင်း ၇၀၀၀ ကျော် တူးဖော်၍ သွင်းရေရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ရေရရှိရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နေသကဲ့သို့ တည်ဆောက်သည့်ဆည်များနှင့် တူးမြောင်းများမှ အသေးစား ရေအားလျှပ်စစ်များထုတ်လုပ်ပြီး ကျေးလက်ဒေသ မီးလင်းနိုင်ရေးကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခြားတစ်ဖက်မှ ကြည့်ပါကလည်း မြန်မာနိုင်ငံသည် ရေရရှိရေးဆောင်ရွက်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်စေရေး ကြိုတင်စီမံခြင်းပင်ဖြစ်ကြောင်း။

ထိရောက်သော ရေသွင်းစိုက်ပျိုးမှု၊ အခြေခံမူဝါဒသည် တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားစနစ်များ ပေါ်ပေါက်စေ၍ ကျေးလက်ဒေသ ဝင်ငွေတိုးတက်ရေးကို အထောက်အကူပြုစေကြောင်း၊ နည်းပညာနှင့် သွင်းအားစုများ ပံ့ပိုးခြင်း၊ ချေးငွေများပံ့ပိုးခြင်း အစရှိသည့် လယ်သမားအထောက်အကူပြု လုပ်ငန်းများသည် စိုက်ပျိုးရေးထွက်ကုန် ပြုပြင်ထုတ်လုပ်မှု အဆင့်ဆင့်နှင့် စားသုံးသူအန္တရာယ်ကင်းရှင်းမှုတို့ အဓိကအထောက်အကူပြုစေကြောင်း၊ ထပ်မံဖွံ့ဖြိုးတိုးတက်မှုအတွက် မျိုးရိုးဗလာနည်းပညာများ၏ အရေးပါမှုကို အသိအမှတ်ပြုရင်း ခေတ်မီသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးရေးကိုလည်း အားပေးလျက်ရှိကြောင်း။

ဤသို့ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားစိုက်ပျိုးရေးတက္ကသိုလ် ကွန်ရက်ကိုလည်းတိုးချဲ့၍ သီးနှံနှင့်နည်းပညာ အထူးပြုစနစ်များ ထွန်းကားအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ စိုက်ပျိုးရေး သိပ္ပံများမှလည်း အင်တိုက်အားတိုက်နည်း ပညာပြန့်ပွားရေးနှင့် ထွန်းကားရေး ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို အလိုအပ်ဆုံးဖြစ်သည့် ကျေးလက်ဒေသနေလူအများအတွက် အတွေးအမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိပြီး အောင်မြင်မှုများအတွက် မိမိတို့အားလုံး ကျေနပ်အားရနေရုံဖြင့် မပြီးဘဲ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လူအများလက်တွဲပါဝင်ဆောင်ရွက်နိုင်ရေး အားပေးလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် အက်စကက်၏ အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ကြိုဆိုပါကြောင်း၊ ဒေါက်တာဟေဇာ၊ ပါမောက္ခစတစ်ဂလစ်နှင့် နံနက်ပိုင်း ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ပညာရှင်များအားလုံး၏ တန်ဖိုးရှိလှသော အကြံပြုချက်များ၊ အတွေးအမြင်များအတွက် အထူး ကျေးဇူးတင်ရှိပါကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်က အမျိုးသားဖွံ့ဖြိုးတိုးတက်မှု မူဝါဒများနှင့် ထောင်စု နှစ်ရည်မှန်းချက်ပန်းတိုင်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပါဝင်ဆွေးနွေး

ထို့နောက် ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)၏ အမှုဆောင် အတွင်းရေးမှူးချုပ် Dr. Noeleen Heyzer က ထိရောက်မှုရှိ၍ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဒေသတွင်း ပံ့ပိုးပေးနိုင်ရေး အက်စကက်နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လည်းကောင်း၊ အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ စီးပွားရေး ပညာရှင် ပါမောက္ခ Joseph Stiglitz က ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် နိုင်ငံတကာမှ ဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးမေးမြန်းကြပြီး နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

နီးနှောဖလှယ်ပွဲအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက စားပွဲဝိုင်းဆွေးနွေးပွဲ၌ နီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့ကြသူများအား နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

နိုဝင်ဘာလအတွင်း

မူးယစ်ဆေးဝါးအမှုပေါင်း ၁၈၈မှု ဖမ်းဆီးနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၀၉ခုနှစ် နိုဝင်ဘာလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ မူးယစ်ဆေးဝါးအမှုပေါင်း ၁၈၈မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၂၃မှု အလေးချိန် ၂၄ဒသမ၀၄၀၈၆ ကီလို၊ ဘိန်းဖြူ ၆၃မှု အလေးချိန် ၃ဒသမ ၀၆၈၇ကီလို၊ ဘိန်းဆီ သုံးမှု အလေးချိန် ၀ဒသမ၃၄၅၂၅ကီလို၊ အဆင့်နိမ့်ဘိန်း ရှစ်မှု အလေးချိန် ၄ဒသမ၉၀၈၂ကီလို၊ ဆေးခြောက် ၂၁မှု အလေးချိန် ၃၈ဒသမကီလို ၆၀၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၂မှု ဆေးပြား၁၉၃၀၀၀၊ ဘိန်းစာမှုန့် ၁၀မှု အလေးချိန် ၆၃ဒသမ၉၉၀၉ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် တစ်မှု အလေးချိန် ၁ဒသမ၀၀၂ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် နှစ်မှု အလေးချိန် ၀ဒသမ၄၁၇၉၃၊ ဗျူပရီနော်ဖင်း သုံးမှု ၆၃ပုလင်း၊ ဆူဒိုအက်ဖီဒရင်းသုံးမှု ၇၂၅၂၀၃၅ပြား၊ မှတ်ပုံတင်ပျက် ရှစ်မှုနှင့် အခြားအမှု တစ်မှုတို့ကို ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

အမှုပေါင်း ၁၈၈မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၄၅ဦးနှင့် မ ၅၁ဦး စုစုပေါင်း ၂၉၆ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

16-12 (10).pmd 1 12/16/2009, 2:20 PM

လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ဘဏ်များဇုန်ရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာ၌ သင်တန်းတွင်လေ့လာသင်ကြားရမည့် ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၊ ဘဏ်လုပ်ငန်းကြီးကြပ်ကွပ်ကဲမှု ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပေါင်းစပ် အသုံးပြုနိုင်ရန်အတွက် ကြိုးပမ်းအားထုတ် သင်ယူကြရမည် ဖြစ်ကြောင်း၊ ဆောင်ရွက်ရင်းလေ့လာ၊ လေ့လာရင်း ဆောင်ရွက်ဟူသည့် ပညာဗဟုသုတ ဆည်းပူးလေ့လာရာတွင် အရေးကြီးသော ဆောင်ပုဒ်တစ်ခုအတိုင်း သက်ဆိုင်ရာဘဏ်လုပ်ငန်းကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍတို့ရှိ အဆင့်မြင့်ပညာများကို အထူးအလေးထား လေ့လာသင်ယူကြရန် ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးတွင် MEB Online e-Banking စနစ် အကောင်အထည်ဖော်လျက်ရှိရာ သင်တန်းသားများအနေဖြင့် မိမိလုပ်ငန်းနယ်ပယ်တွင် အကျိုးရှိစွာအသုံးချနိုင်ရေး လေ့လာဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ဘဏ်နှင့် ဆက်သွယ်သူ ပြည်သူများကို ချိုသာပျူငှာစွာဆက်ဆံ၍ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးမှုကို ဘဏ်လုပ်ငန်းကဏ္ဍက အထောက်အကူပြုသွားရေး အလေးထားကြိုးပမ်းကြရန်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ လက်ထောက်မန်နေဂျာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

လေ့လာဆည်းပူး

အဆိုပါ မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၀၉)တွင် မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်/တိုင်းများရှိ မြို့နယ်ဘဏ်ခွဲများမှ လက်ထောက်မန်နေဂျာ သင်တန်းသား သင်တန်းသူ ၅၀တို့သည် ရက်သတ္တသုံးပတ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာများ အစရှိသည်တို့ကို လေ့လာဆည်းပူးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာ အထက (၁) အာစရိယပူဇော်

မိတ္ထီလာ ဒီဇင်ဘာ ၁၅

မိတ္ထီလာမြို့ အထက (၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ အငြိမ်းစား ဆရာ ဆရာမကြီးများအား တေဒသမ အကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်က အထက (၁) ကျောင်းခန်းမဆောင်၌ ကျင်းပသည်။ **(အောက်ပုံ)**

ချီးမြှင့်ပေးအပ်

အခမ်းအနားတွင် ဆရာ ဆရာမကြီးများကို ကျောင်းသား ကျောင်းသူဟောင်းများက ရှိခိုးပူဇော်ကြသည်။ ဆရာ ဆရာမကြီးများကိုယ်စား အငြိမ်းစား ဆရာကြီး ဦးစိန်ဝင်း(မန္တလေး)က ဆုံးမသြဝါဒစကား ပြောကြားသည်။ ထို့နောက်၂၀၀၉ခုနှစ် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများကို ကျောင်းသား ကျောင်းသူဟောင်းများက ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

(ဝ၈၆)

အောက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၅

__ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ မန်နာပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း 'ဝပ်'သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ပမ်ဘန်းမြို့၏ အရှေ့တောင်ဘက် မိုင် ၈၀ခန့်အကွာတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

__ယနေ့ညနေအထိ ခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

လှိုင်မြို့နယ် ဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်

ရန်ကုန် ဒီဇင်ဘာ ၁၅

လှိုင်မြို့နယ်အတွင်းရှိ ဈေးများ မီးလောင်မှု ဖြစ်ပွားပေါ်ပေါက်မှုမရှိစေရေးအတွက် ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူး၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးတာဝန်ရှိသူများလိုက်ပါ၍ လှိုင်မြို့နယ်ရှိ လှိုင်ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု၊ ရေရရှိမှုအခြေအနေနှင့် ဈေးဝင်လမ်း၊ထွက်လမ်းအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ရာ စည်ပင်သာယာဈေးများဌာန ဌာနစုမှူး ဒေါ်လှလှကျော်နှင့် ဈေးတာဝန်ခံ ဦးသန်းထွန်းမြင့်တို့က ရှင်းလင်းပြသကြသည်။

အဆိုပါနေ့တွင် ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲများဆောင်ရွက်ခဲ့ရာ လှိုင်၊ ကမာရွတ်၊ မရမ်းကုန်းမြို့နယ်များမှ ဈေးတာဝန်ခံများ၊ ဈေးသာယာရေးကော်မတီဝင်များနှင့် ဝန်ထမ်းများ၊ဈေးသူဈေးသားများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ရှေးဟောင်းပေစာ၊ ပုရပိုက်စာများ လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ ပျော်ဘွယ်၌ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက် သစ်ပန်းကန်ပင်ကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတ မိဘမဲ့ဂေဟာ ဦးစီးပဓာန နာယက ဆရာတော် ဦးပညာသီဟ (ဓမ္မာစရိယ၊ ဓမ္မကထိက)က ၄င်းစုဆောင်းထားခဲ့သော ရှေးဟောင်းပေစာထုပ် ၈၉ထုပ်နှင့် ပုရပိုက် ၅၅ဆူ လှူဒါန်းပွဲကို နိုဝင်ဘာ ၂၉ရက်က ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ ကျင်းပသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် ဆရာတော်က ပေစာ၊ ပုရပိုက်စာထုပ်များကို ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ရှေးဟောင်း သုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဟောပြော

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်စီစဉ်သော ၁၃၇၂ခုနှစ် စာဆိုတော်လ အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားစာပေဆုရ စာရေးဆရာကြီးများ ဖြစ်ကြသော ဒေါက်တာတိုးလှ၊ သူရဇော်နှင့် ထပ်ဆင့်အကယ်ဒမီ ငြိမ်းမင်းတို့က စာပေ၊ အနုပညာရေးရာများကို ဟောပြောကြသည်။

ကျင်းပ

နိုဝင်ဘာ ၂၈ရက် ညပိုင်းကလည်း စာပေဟောပြောပွဲ အခမ်းအနားကို ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေါက်တာသက်လွင်၏ သမိုင်းကပြောသောပုဂံ၊ ပုဂံကပြောသောသမိုင်း စာအုပ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဒီဇင်ဘာ ၁၅

ဒေါက်တာသက်လွင်၏ သမိုင်းကပြောသောပုဂံ၊ ပုဂံကပြောသောသမိုင်း စာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။ ***(ယာပုံ)***

__တင်ပြ__

စာအုပ်တွင် ပထမပိုင်းကို ပုဂံအကြိုသမိုင်းခြေရာများ၊ ဒုတိယပိုင်းကို သမိုင်းမတိုင်မီပုဂံပြည်၊ တတိယပိုင်းကို သမိုင်းတင်ပြီး ပုဂံပြည်၊ စတုတ္ထပိုင်းကို ပုဂံကပြောသော သမိုင်းဟူ၍ အပိုင်း လေးပိုင်းခွဲပြီး ခေါင်းစဉ်ငယ်များနှင့်တကွ စိတ်ဝင်စားဖွယ် တင်ပြထားသည်။

မြန်မာတို့၏ ရှေးဟောင်းသမိုင်းဝင်နယ်မြေပုဂံသို့ မသွားမီလေ့လာဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ဖြူပြာစာပေတိုက်က စီစဉ်ပြီးမျိုးဆက်သစ်စာပေ အမှတ်၁၈၂/၂၀၂အခန်း ၃၂ ပထမထပ် ၃၄လမ်းအထက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၇၃၆၉ က ထုတ်ဝေ ဖြန့်ချိလိုက်ကြောင်း၊ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၄၀၀၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြိတ်ခရိုင် ပြန်/ဆက်ရုံး၌ စာဖတ်ဝိုင်းကျင်းပ

မြိတ် ဒီဇင်ဘာ ၁၅

တနင်္သာရီတိုင်း မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ နိုဝင်ဘာ ၂၀ရက် မွန်းလွဲ ၂နာရီက စာဖတ်ဝိုင်းကျင်းပရာ ဝန်ကြီးမှာကြားချက်(၁၄)ချက်မှ ဌာနပိုင်ပစ္စည်းနှင့် ငွေကြေးသုံးစွဲရာတွင် ခြိုးခြံချွေတာရေး ဂရုပြုဆောင်ရွက်ရန်ဟူသော အချက်ကို အငယ်တန်းစာရေး ဒေါ်ချိုချိုစန်းက ဆွေးနွေးဖတ်ကြားပြီး မြိတ်ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၁၅

နေပြည်တော်လယ်ဝေး အေလာမြို့ မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်း အမှတ်စဉ်(၅/၂၀၀၉) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက အေလာရပ်ကွက် ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးကိုက အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီး ကျော်ဇညားက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး နေပြည်တော်ခရိုင်မှ ဦးဇော်အောင်က သင်တန်းသားများ လိုက်နာရမည့် စည်းကမ်းများကို ပြောကြားသည်။

အဆိုပါ သင်တန်းမှာ ရက်သတ္တလေးပတ်ကြာမြင့်ပြီး အေလာမြို့ ကျေးရွာ ၁၂ရွာမှ သင်တန်းသား၁၂၄ဦး တက်ရောက်ကြသည်။

(ဝ၈၃)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဘဂ္ဂဒက်နှင့် မိုဆူးလ်၌ ကားပုံးခွဲတိုက်ခိုက် ရှစ်ဦးသေဆုံး၊ အများအပြားဒဏ်ရာရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၅

အီရတ်နိုင်ငံမြို့ကြီး နှစ်မြို့၌ ဒီဇင်ဘာ ၁၅ ရက်က ကားဗုံးများဆက်တိုက်ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူရှစ်ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ် အစိမ်းရောင်ဇုန်အပြင်ဘက်၌ ကားဗုံးသုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံးလူလေးဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိသွားသည်။ ယင်းဗုံးများသည် အီရန်သံရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနတို့အနီး၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ယင်းဗုံးများပေါက်ကွဲပြီး မကြာမီ မိုဆူးလ်မြို့မြောက်ပိုင်း၌လည်း ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ပါကစ္စတန်အလယ်ပိုင်း၌ ကားပုံးဖောက်ခွဲ အနည်းဆုံး ၂၂ဦးသေဆုံး၊ ၅၀ခန့်ဒဏ်ရာရ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၅

ပါကစ္စတန်အလယ်ပိုင်း ဒီရာဂါဇီခမ်းမြို့ဈေးတစ်ဈေး၌ ဒီဇင်ဘာ ၁၅ရက်နံနက်ပိုင်းက အသေခံကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အနည်းဆုံး ၂၂ဦးသေဆုံးပြီး ၅၀ခန့် ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အနီးဝန်းကျင်ရှိ နေအိမ်တိုက်တာ အများအပြားလည်း ပြိုကျပျက်စီးသွားကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများကြားမှ ထိခိုက်သေကျေ ဒဏ်ရာရရှိသူများအား ကယ်ထုတ်နေဆဲဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများထပ်မံ ဖြစ်ပွားမည်ကို စိုးရိမ်ထိတ်လန့်နေကြကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။ ***(အပေါ်ပုံ)***

ဆိုင်ကလုန်းမုန်တိုင်း အနောက်ဘက် ရွေ့လျား

နေပြည်တော် ဒီဇင်ဘာ ၁၅

ယနေ့ ညနေ၅နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ မန်နာ (Mannar) ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ဝပ် (WARD) သည် အနည်းငယ် အားလျော့ခဲ့ပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ကာ အိန္ဒိယနိုင်ငံ နာဂါပတ္တီနမ်(Nagapattinam) မြို့၏ အရှေ့တောင်ဘက် မိုင်(၅၀)ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မတ္တရာမြို့ ဗိုလ်တေဇလမ်းသွယ် (၃) ကျောက်စုဆောင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို နိုဝင်ဘာ ၁၄ ရက်က မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

16-12 (11).pmd 1 12/16/2009, 2:20 PM

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမှတ် (၃၈၃)၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေ
ဦးကြည်မြင့်-ဒေါ်ခင်ရီတို့၏သားငယ်

ဒေါက်တာအောင်ကျော်မြင့်

M.B.,B.S (YGN)

နှင့်

အမှတ် (၁၀၄-စီ)၊ ငါးထပ်ကြီးဘုရားလမ်း (ကင်းဘဲလမ်း)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ
ဒေါက်တာ ဦးကိုကိုလတ် M.B.,B.S (D.Path)
Business Head , Pfizer International Corporation (Indochina)-
ဒေါ်အေးအေးသန့်(ခ) Ruby (ပညာရေးအငြိမ်းစား)
တို့၏သမီး

မအေးအေးသူ

B.Sc (Engineering Biotechnology)

တို့သည် ၁၅-၁၂-၂၀၀၉ ရက်တွင် ရန်ကုန်မြို့ Sedona Hotel (Yankin Room) ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာအောင်ကျော်မြင့်-မအေးအေးသူ။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ဘောဂလမ်း၊ ခြံအမှတ်(၂)နေ
ဦးတက်ထွန်းဦး (ကိုလေးစက်မှုလုပ်ငန်း)-ဒေါ်သန်းသန်းနွဲ့ တို့၏သားကြီး

ဗိုလ်ကြီးပြည့်ဖြိုး B.E (Mechanical) (D.S.T.A)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်း၊ ခြံအမှတ်(၂၀)နေ
Capt. ဦးစောဝင်းသန့် (Master Mariner), General Manager, LIZ STAR (S'pore) Pte.,Ltd. -ဒေါ်စဝ်ညွန့်ကြည်
တို့၏သမီး

ဒေါက်တာ နန်းမိုဟွမ် M.B.,B.S (Ygn)

လက်ထောက်ဆရာဝန်၊ ရန်ကုန်ကလေးဆေးရုံကြီး

တို့၏ ၁၂-၁၂-၂၀၀၉ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော အငြိမ်းစားဗိုလ်မှူးကြီး ပါမောက္ခ ဒေါက်တာဦးရဲသွေးနှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်အေးအေးမြင့်အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်နှင့် ဇနီးဒေါ်ခင်ဝင်းမြင့်အားလည်းကောင်း၊ ၁၆-၁၀-၂၀၀၉ရက်တွင် နေအိမ်၌မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်း တရားသူကြီး ဦးမြင့်အောင်နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် စိမ်းမို့မို့၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာဝိုင်းမေတင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ဒေါက်တာခင်ချမ်းမြေ့လှိုင်၊ သတို့သားအရံ ဗိုလ်ကြီးငြိမ်းဇော်နှင့် ဗိုလ်ကြီးသော်ညီညီ၊ သတို့သမီးအရံ ဒေါက်တာ ချိုနွယ်စိုးနှင့် ဒေါက်တာ သင်းဆုအောင်တို့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာ ဒဂုံပုံနှိပ်တိုက်၊ ပန်းအလှပြင် ကိုထွန်းထွန်း (Eden)၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာ ဆင်မြန်းပေးသော တော်ဝင်သူ၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးရှင် မိတ်ကပ် စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော ကိုဝဏ္ဏခွာနီးနှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Sedona Hotel မန်နေဂျာ မလီလီနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးပြည့်ဖြိုး-ဒေါက်တာနန်းမိုဟွမ်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အောင်ရတနာလမ်း၊ အမှတ်(၄)(က)နေ
ဦးခင်မောင်ညွန့်(ခ)ချစ်ကောင်း-ဒေါ်ဝါဝါထူး
တို့၏သားကြီး

မောင်မင်းသက်ပိုင် B.C.Sc.(UCSY)

International Advanced Diploma in Computer Studies(NCC,UK)
Manager IT Dept; (Htoo Group of Companies)

နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ၊ ကမာကြည်လမ်း၊ အမှတ်(၂၃၈)နေ
ဦးရန်ပြေ(အင်ဂျင်နီယာချုပ်-ငြိမ်း၊ မြန်မာ့လေကြောင်း)-ဒေါ်သူဇာဦး တို့၏သမီးလတ်

မနှင်းနှင်းဇာပြေ

B.E(Mechatronic) Air Bagan Ltd.

တို့၏ ၂၉-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးဉာဏ်ထွန်းဦးနှင့်ဇနီး ဒေါ်ခင်စောဥမ္မာအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ပါမောက္ခဒေါက်တာအောင်ထွန်းသက်နှင့်ဇနီး ဒေါ်ဆွေဆွေသိန်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မအိမ့်ချစ်၊ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မသိမ့်သီရိသူ၊ သတို့သားအရံ မောင်သုတအောင်နှင့် မောင်ဇော်ထက်ဦး၊ သတို့သမီးအရံ မနှင်းသဥ္ဇာအောင်နှင့် မမေသစ္စာအောင်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသောသမီးလေးဖြူသန့်ခင်၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာ ပြည့်စိုးအောင်၊ ပန်းအလှပြင်ပေးပါသော Eden Floral မှကိုထွန်းထွန်း၊ မင်္ဂလာဧည့်ခံပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းသက်ပိုင်-မနှင်းနှင်းဇာပြေ။

Congratulations

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ ချီးမြှင့်သောနိုင်ငံတကာအဆင့်ဆုများဖြစ်သည့်

GLOBAL EXCELLENCE AWARDS (2008),
PEOPLE'S CHOICE AWARDS (2009)

တို့အား ရွှေပြည်နန်း ကုမ္ပဏီလီမိတက် မှ လက်ခံရရှိခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

စစ်ကိုင်းတိုင်း
အရောင်းကိုယ်စားလှယ်တော်များ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

မိဘများအား အထူးကျေးဇူးဆပ်ဟောပြောမှုပြိုင်ပွဲ

[illegible]

အင်းမမြို့ အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် အင်းမမြို့ အထကတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့်ပြီး ဆရာကြီး ဆရာမကြီးများအား မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၁၃၇၁ခုနှစ် ပြာသိုလဆန်း ၁၀ ရက် (သောကြာနေ့) ဒီဇင်ဘာ ၂၅ရက်တွင် အမ်းမမြို့ အထက၏ သီတဂူခန်းမဆောင်၌ မွန်းလွဲ ၁ နာရီတွင် (၂၃)ကြိမ်မြောက် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့်ပူဇော်ကြမည့်ကျောင်းသားကျောင်းသူဟောင်းများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့်အလှူငွေများကို အင်းမမြို့မှ ဦးသိန်းအောင် ဖုန်း-၀၉-၄၃-၄၃၄၆၁၈၊ ဦးထွန်းဝင်း ဖုန်း-၀၉-၅၃၁၂၁၄၈၊ ရန်ကုန်မြို့မှ ဦးတင်မောင်လွင် ဖုန်း-၀၉-၅၀၁၄၄၂၅၊ ဦးမျိုးထွန်းအောင် ဖုန်း- ၅၈၆၅၁၈၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၀၄၂၆၂၂၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၉-၅၂-၀၁၂၇၂နှင့် ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၀၀၂၉၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ပညာရေး)

ပဲခူးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂) သစ်ကြိမ်း-ထုံးဘိုကြီးလမ်းပိုင်း ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ ဆောင်ရွက်သော နဂျတ်ချောင်းသစ်သားတံတားကြံ့ခိုင်ကောင်းမွန်မှုရှိ မရှိကို ဒီဇင်ဘာ ၈ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မီးကြွင်းမီးကျန်
မရှိရန်
ကျင့်ကြံသတိ
အမြဲရှိ

အင်းစိန် အထက(၂) ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက်က ကျောင်းဝင်းမြေကွက်လပ်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က ၂၀၀၈-၂၀၀၉ ခုနှစ် အခြေခံပညာ အထက်တန်း တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော မောင်နေလင်းထွန်းအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုတံဆိပ် ချီးမြှင့်စဉ်။ (ပညာရေး)

ကာတာနိုင်ငံဆိုသည်မှာ . . . .

နိုင်ငံတကာသတင်းအက်ဆေး

ကာတာနိုင်ငံသည် အရှေ့အလယ်ပိုင်း၌ တည်ရှိသည်။ ဤနိုင်ငံသည် တစ်ချိန်က ပင်လယ်ကွေ့နိုင်ငံများအနက် အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သော်လည်း ၁၉၄၀ ပြည့်လွန်နှစ်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များမှ ထုတ်ယူသုံးစွဲလာနိုင်သဖြင့် ဒေသတွင်း အချမ်းသာဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

ငြင်းဆန်

၁၉၇၁ ခုနှစ်အထိ ဗြိတိသျှ အထိန်းသိမ်းခံ နိုင်ငံဖြစ်ခဲ့သည်။ အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)နှင့် ပေါင်းရန်ငြင်းဆန်ပြီး ဘာရိန်းနိုင်ငံကို အတုယူကာ ၁၉၇၁ ခုနှစ်တွင် လွတ်လပ်ရေးကြေညာသည်။

မျက်မှောက်ခေတ် ကာတာနိုင်ငံကမ်းခြေတစ်လျှောက်တွင် ရွှေ့ပြောင်းအခြေချနေထိုင်သူများက ပုလဲငုပ်ခြင်းနှင့်ကုန်သွယ်ရေးစခန်းများ ထူထောင်ခဲ့သည်မှာ ၁၇၀၀ ပြည့်လွန်နှစ်များက ဖြစ်သည်။

၁၈၆၇ ခုနှစ်တွင် အိမ်နီးချင်း ဘာရိန်းနှင့် နယ်မြေအငြင်းပွားရာမှ ပဋိပက္ခဖြစ်ပွားလာကာ ဤနိုင်ငံ၏ ဒိုဟာမြို့တော်မှာ လုံးဝပျက်စီးသလောက်ဖြစ်သည်။ ဗြိတိန်နှင့် စာချုပ်ရာ၌ ကာတာကို သီးခြားရပ်တည်နိုင်သည့် နယ်မြေတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့သဖြင့် ဤနိုင်ငံ၏ လွတ်လပ်ရေးမျိုးစေ့များကို ချပေးသလိုဖြစ်သည်။

ဖိတ်ကြား

၁၈၇၁-၁၉၁၃ ခုနှစ်များတွင် ကာတာစော်ဘွား၏ ဖိတ်ကြားချက်အရ တူရကီ အော်တိုမန်တပ်များက ခံတပ်တည်ဆောက်ခဲ့သည်။

နှောင့်နှေး

၁၉၃၉ ခုနှစ်တွင် ရေနံသိုက်များ ရှာဖွေတွေ့ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီးကြောင့် ရေနံတူးဖော်မှု နှောင့်နှေးခဲ့သည်။ သို့သော် ဤနိုင်ငံ၏ အဓိကဝင်ငွေရှာပေးသည့် ပုလဲငုပ်ခြင်းနှင့် ငါးဖမ်းလုပ်ငန်းတို့နေရာတွင် ရေနံက နေရာယူလိုက်သည်။

၁၉၅၀ ပြည့်လွန်နှစ်များတွင် ရေနံမှရရှိသောငွေဖြင့် ဤနိုင်ငံ၏ အခြေခံအဆောက်အအုံကိုတိုးချဲ့ကာ ခေတ်မီမွမ်းမံနိုင်ခဲ့သည်။

ဆွေးနွေး

၁၉၆၈ ခုနှစ်တွင် ပင်လယ်ကွေ့မှတပ်များ ရုပ်သိမ်းမည်ဖြစ်ကြောင်း ဗြိတိန်က ကြေညာသည်။ ကာတာနိုင်ငံက ဘာရိန်း၊ ယူအေအီးတို့နှင့် ဖက်ဒရေးရှင်းဖွဲ့ရေး စေ့စပ်ဆွေးနွေးသည်။

၁၉၇၁ ခုနှစ် စက်တင်ဘာလ ၃ ရက်တွင် ကာတာနိုင်ငံက လွတ်လပ်ရေးကြေညာသည်။ ၁၉၇၂ ခုနှစ်တွင် ခါလီဖာဘင်ဟာမက်အယ်သာနီက နန်းတွင်းအာဏာသိမ်းမှု အောင်မြင်လိုက်သည်။ ၁၉၉၅ ခုနှစ်တွင် ရှိတ်ခါလီဖာအား ၎င်း၏သားဖြစ်သူ ရှိတ်ဟာမက်က သွေးထွက်သံယိုမရှိ အာဏာသိမ်းလိုက်သည်။

ကျင်းပ

၁၉၉၆ ခုနှစ်တွင် ကာတာစော်ဘွား၏ အထောက်အပံ့ဖြင့် လွတ်လပ်သော အယ်လ်ဂျာဇီးယားဂြိုဟ်တု ရုပ်မြင်သံကြားဌာနကို ထူထောင်သည်။ ၁၉၉၉ ခုနှစ်တွင် ၁၉၇၁ ခုနှစ်နောက်ပိုင်း ပထမဆုံးသော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲအဖြစ် မြူနီစီပယ်ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။

အပြစ်ပေး

၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ၁၉၉၆ ခုနှစ် မအောင်မြင်သည့်အာဏာသိမ်းမှုအတွက် စော်ဘွား၏ညီအစ်ကိုဝမ်းကွဲနှင့် အပေါင်းပါ ၃၂ ဦးတို့အား ထောင်ဒဏ်အပြစ်ပေးလိုက်သည်။

၂၀၀၁ ခုနှစ် မတ်လတွင် ဆော်ဒီအာရေဗျ၊ ဘာရိန်းတို့နှင့် နယ်စပ်ပြဿနာများကို ဖြေရှင်းနိုင်သည်။

၂၀၀၃ ခုနှစ် ဧပြီလတွင် မဲဆန္ဒရှင်များက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုလိုက်ကြသည်။ အခြေခံဥပဒေသစ်တွင် အဖွဲ့ဝင် ၄၅ ဦးပါဝင်သည့် ပါလီမန်တွင် အဖွဲ့ဝင် ၃၀ကို ရွေးချယ်တင်မြှောက်ရန်နှင့် ကျန်အဖွဲ့ဝင်များကို စော်ဘွားက ခန့်အပ်နိုင်ကြောင်း ပြဋ္ဌာန်းရန်ဖော်ပြထားသည်။ ထိုနှစ်ဩဂုတ်လတွင် ကာတာစော်ဘွား ရှိတ်ဟာမက်က အများပြည်သူ အံ့အားသင့်ဖွယ်တစ်ရပ်ကို ပြသလိုက်သည်။ ယင်းမှာ အိမ်ရှေ့မင်းသားအရာတွင် သားတော်ဂျက်ဆင်ကို ဖယ်ရှားကာ သားတော်ငယ် တာမင်းကို အစားထိုးလိုက်ခြင်းဖြစ်သည်။

စတင်

၂၀၀၅ ခုနှစ် ဇွန်လတွင် ကာတာနိုင်ငံ၏ ပထမဆုံးရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ကာ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည်။ ထိုနှစ်နိုဝင်ဘာလတွင် ကာတာနှင့် အမေရိကန်နိုင်ငံတို့က ကမ္ဘာပေါ်တွင် အကြီးဆုံးဓာတ်ငွေ့ရည်စက်ရုံ ပူးတွဲတည်ဆောက်မှု စတင်သည်။

၂၀၀၉ ခုနှစ် မတ်လတွင် ဤနိုင်ငံသည် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရေး အဆိုပြုသည့် ၁၁ နိုင်ငံတွင်ပါဝင်ကြောင်း သိရသည်။

မျှော်မှန်း

ကမ္ဘာ့ရေနံသိုက်များ၏ ၁၅ ရာခိုင်နှုန်းကိုပိုင်သည့် ဤနိုင်ငံက ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်နိုင်ငံကြီးဖြစ်လာရေး မျှော်မှန်းထားသည်။ ॥ **ကိုးကား-အင်တာနက်**

တိုး-ရေးသားသည်

၁၉၄၀ ပြည့်လွန်နှစ်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များမှ ထုတ်ယူသုံးစွဲလာနိုင်သဖြင့် ဒေသအတွင်းတွင် အချမ်းသာဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်လာ။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ စုစည်းသည်။ စာမျက်နှာဖွဲ့စည်းမှု-အေးအေးဝင်း(မြန်မာ့အလင်း)

ကမ္ဘာ့အပေါ့ပါးဆုံး မိုဘိုင်းလ်ဖုန်း

အစ္စရေးနိုင်ငံ ကာဖာဆာဘာမြို့ မိုဒူကုမ္ပဏီမှထုတ်လုပ်ထားသော မိုဘိုင်းလ်ဖုန်းဖြစ်သည်။ ယင်းမိုဘိုင်းလ်ဖုန်း၏ အရွယ်အစားမှာ အလျား ၇၂ ဒသမ ၁ မီလီမီတာ၊ အနံ ၃၇ ဒသမ ၆ မီလီမီတာနှင့် အထူ ၇ ဒသမ ၈ မီလီမီတာဖြစ်သည်။ အလေးချိန်မှာ ၄၀ ဒသမ ၁ ဂရမ်ဖြစ်ပြီး ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးနှင့် အပေါ့ဆုံးမိုဘိုင်းလ်ဖုန်းအဖြစ် (ယာပုံ)ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အင်တာနက်)

ကမ္ဘာ့အကြီးဆုံး ရုပ်ရှင်ပိတ်ကား

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ရုပ်ရှင်သရုပ်ဆောင် ပင်ဝုဒ်၏နေအိမ်၌ထားရှိသော ရုပ်ရှင်ပိတ်ကား၏အကျယ်အဝန်းမှာ အလျားပေ ၂၄၀၊ အနံပေ ၆၀ ရှိသဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံးရုပ်ရှင်ပိတ်ကားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဒီဇင်ဘာ ၁၃ ရက်က ဖော်ပြခံရသည်။ **(အောက်ပုံ)**

ယင်းရုပ်ရှင်ပိတ်ကားပေါ်၌ ထင်ဟပ်သောရုပ်ပုံများသည် မူရင်းအရွယ်အစားအတိုင်းဖြစ်ရာ ကြည့်ရှုသူအတွက် ခံစားမှုအပြည့်အဝပေးနိုင်သည်။

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး ရှော့ပင်းမောလ်

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ တည်ဆောက်ထားသော ရှန်စီဂေးချန် တမ်စီးတီးအမည်ရှိ ရှော့ပင်းမောလ်ဖြစ်သည်။ **(အပေါ်ပုံ)** ကြမ်းခင်း ဧရိယာမှာ စတုရန်းမီတာ ၅၀၉၈၁၀ ရှိပြီး ၁၄ ထပ်အမြင့်ရှိသည်။ ရုပ်ရှင်ရုံ၊ ဂေါက်ကွင်း၊ ရေကူးကန်၊ အားကစားကွင်း စသည်တို့ ပါဝင်တည်ဆောက်ထားသည်။ ဘူဆန်လေဆိပ်ဟောင်း အရွယ်အစားခန့်ကျယ်ဝန်းပြီး တည်ဆောက်မှုကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ ဘီလီယံဖြစ်သည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးရှော့ပင်းမောလ်အဖြစ် မှတ်တမ်းတင်ခြင်းခံထားရသည်။

(အင်တာနက်)

အခြေခံပညာအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည်မြင့်မားရေး သင်တန်း လွိုင်ကော်၌ဖွင့်

လွိုင်ကော် ဒီဇင်ဘာ ၈

ပညာရေးဝန်ကြီးဌာန ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အခြေခံပညာအဆင့်အလိုက် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်သင်ကြားမှု စွမ်းရည်မြင့်မားရေး မွမ်းမံသင်တန်းကို နိုဝင်ဘာ ၂၅ရက် နံနက် ၉ နာရီက ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်မောင်က တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

(ပြည်နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ်ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံဘောလုံးပြိုင်

သံတွဲ ဒီဇင်ဘာ ၁၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ (တောင်ပိုင်းဇုန်)ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၂၀ရက် ညနေ ၃နာရီက ဒွါရာဝတီအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် သံတွဲမြို့နယ်အသင်းနှင့် ဂွမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂွမြို့နယ်အသင်းက သံတွဲမြို့နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲပြီး ပထမဆုဖလားကို ဆွတ်ခူးသွားသည်။

ချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယရရှိသော သံတွဲမြို့နယ်အသင်းအား ငွေတံဆိပ် လည်ဆွဲဆုတံဆိပ်ကို သံတွဲခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းရွှေက ချီးမြှင့်ပေးပြီး ငွေသားဆု ကျပ်တစ်သိန်းကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာတင့်ရွှန်းက ချီးမြှင့်ပေးသည်။

ထို့နောက် ပထမဆုရရှိသည့် ဂွမြို့နယ်အသင်းအား ဆုများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်သိန်းက ချီးမြှင့်ပေးပြီး ပထမဆုဖလားကြီးနှင့် ငွေသားဆုကျပ်တစ်သိန်းခွဲကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးမင်းလွင်က ချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ထပ်ပိုးလွှာ ပြင်ဆင်ထိန်းသိမ်း

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၉-၂၀၁၀တွင်ဆောင်ရွက်သော ပြည်ခိုင်ဖြိုး-ငါးဆူတောင်လမ်း ကတ္တရာထပ်ပိုးလွှာ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းပြီးစီးမှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်းတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော နွယ်နီလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန် နိုဝင်ဘာ ၂၁ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်စောနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မချမ်းဘော ပြန်/ဆက် စာငှားကတ်စနစ် ကျင့်သုံးရေး ဆွေးနွေး

မချမ်းဘော ဒီဇင်ဘာ ၁

မချမ်းဘောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးယုံခမင်သည် အောက်တိုဘာ ၁၀ရက်က အင်ဘူးဘော့အုပ်စုနှင့် နမ်ခမ်အုပ်စုအတွင်း ဖွင့်လှစ်ခဲ့သော ခိုင်မာစာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများနှင့်တွေ့ဆုံပြီး စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များဖြစ်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ အဆောက်အအုံများကို စနစ်တကျ ထိန်းသိမ်းရေး ဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဟိုင်းကြီးကျွန်း၌ စာကြည့်တိုက် ဆောက်လုပ်ရန် ပုသိမ်ခရိုင် ပြန်/ဆက်ဦးစီးဌာန ဆောင်ရွက်

ပုသိမ် ဒီဇင်ဘာ ၁၀

ဧရာဝတီတိုင်း ပုသိမ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းသည် ဟိုင်းကြီးကျွန်းမြို့တွင် နိုင်ငံတော် မတည်ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ခုနစ်တိုက်ကို မြေနေရာခိုင်မာမှုရှိရေး၊ အမြန်ဆုံးဆောက်လုပ်ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စာငှားကတ်စနစ်ရှိပြီး သတ်မှတ်စံ(၅)ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်များဖြစ်လာရေးအတွက် ပုသိမ်ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းနှင့် အဖွဲ့သည် နိုဝင်ဘာ ၂၁ရက်တွင် မဲခရဲနှင့် ငပြေမအထက်စုကျေးရွာသို့လည်းကောင်း၊ ၂၃ရက်တွင် ပြင်ခရိုင်ထန်းပင်ချောင် ကျေးရွာသို့လည်းကောင်း၊ ၂၄ရက်တွင် ဝါးကုန်းကျေးရွာနှင့် ဒီဒူးကုန်းကျေးရွာတို့သို့လည်းကောင်း၊ ၂၅ရက်တွင် မကျီးချိုင် ကျေးရွာနှင့် အဆင်းချိုင်ကျေးရွာသို့လည်းကောင်း **(အပေါ်ပုံ)**၊ ၂၆ရက်တွင် ကျောက်ကလပ်ကျေးရွာ၊ ကုန်းသာယာကျေးရွာ၊ သက္ကယ်သောင် ကျေးရွာနှင့် အုန်းချောင်းကျေးရွာတို့သို့လည်းကောင်း ကွင်းဆင်းဆောင်ရွက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ပြန်/ဆက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ မိုးမောက်၌ကျင်းပ

မိုးမောက် ဒီဇင်ဘာ ၁၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် စာကြည့်တိုက်ခန်းမ၌ နိုဝင်ဘာ ၂၆ ရက်က ကျင်းပသော ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ရွှေ၊ ဗန်းမော်ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများ ပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များကို မိုးမောက်မြို့နယ်ဦးစီးမှူး ဒေါ်လွန်းနန်းထွေးက ဝန်ထမ်းများအား ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ထပ်ဆင့်ရှင်းလင်း ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

မနေဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နွဲ့နွဲ့ရီနှင့်အဖွဲ့ ဆောင်ရွက်သည့် မောရသိဂီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးဘုန်းလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးတို့က ရှင်းလင်းတင်ပြစဉ်။

(၁၄၇)

မြို့နယ် သတင်းများ

မိုးကောင်း၌ မိုးစပါးစံကွက်ရိတ်သိမ်း

မိုးကောင်း နိုဝင်ဘာ ၃၀

မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်၏ ၂၀၀၉ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၈ရက် နံနက်၁၁နာရီက ဆားမော်ကျေးရွာအုပ်စု ကွင်းအမှတ်၁၃၁/၁၀ ဦးပိုင်အမှတ်၄ရှိ တောင်သူဒေါ်ခင်ထွေးပိုင် လယ်မြေ ၈ ဒသမ ၄၆ဧက၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ရဲမှူးကြီးမောင်မောင်လွင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့်ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် ဆင်းရေကြီး(၃) စပါးအမျိုးအစားတစ်ဧကလျှင် ၈၄ ဒသမ ၅၁ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(၀၀၁)

ပုလဲမြို့နယ်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

ပုလဲ ဒီဇင်ဘာ ၇

မူခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး ပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂နာရီက ပုလဲမြို့နယ် အလယ်ဘုံကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်တရားသူကြီး ဦးငွေးအောင်က ထိရောက်ဟန့်တားပြစ်ဒဏ်ချမှတ်ရေးအကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်ကြီးက ပြစ်မှုဆိုင်ရာဥပဒေအကြောင်း**(အပေါ်ပုံ)**၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်က စာပေဖတ်ရှုလေ့လာခြင်းဖြင့် ပြစ်မှုပြစ်ဒဏ်များကို သိနားလည်ကာရှောင်ကြဉ်နိုင်ခြင်း၊ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးကျော်စိန်လင်းက ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ စခန်းမှူး ရဲအုပ်လှဦးက လောင်းကစားခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ဟောပြောဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံခရိုင် ပြန်/ဆက် လုပ်ငန်းဆွေးနွေး

ဖျာပုံ ဒီဇင်ဘာ ၂

ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ကြည်သည် ဖျာပုံခရိုင်စာကြည့်တိုက်ခန်းမ၌ နိုဝင်ဘာ ၂၇ရက်က ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံ၍ ဌာနလုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်ကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်နိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရုပ်သံဖမ်းစလောင်းနှင့်စာအုပ်များ မိုးနဲမြို့နယ်၌လှူဒါန်း

လင်းခေး ဒီဇင်ဘာ ၅

လင်းခေးခရိုင် မိုးနဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းကာ နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မိုးနဲမြို့နယ် နားခံစံပြကျေးရွာ သုတစာကြည့်တိုက်ခန်းမဆောင်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော ရုပ်သံဖမ်းစလောင်းနှင့် စာအုပ်စာစောင်များပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက DTH စနစ် စလောင်းလှူဒါန်းရခြင်း ရည်ရွယ်ချက်၊ ကျေးရွာစာကြည့်တိုက်စံ(၅)ချက်နှင့်အညီ ပြည့်စုံရေး၊ ကျေးရွာပြည်သူ စာတတ်သူတိုင်း စာပေဖတ်ရှုခြင်းအားဖြင့် အသိပညာတိုးပွားစေရေး၊ ရုပ်/သံ သတင်းများ ကြည့်ရှုခြင်းဖြင့် ဗဟုသုတတိုးပွားကာ လူနေမှုဘဝ မြင့်မားလာစေရေးအကြောင်းတို့ကို ရှင်းလင်း ပညာပေးဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

အဆိုပါ စာကြည့်တိုက်အတွက် ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက DTH စနစ်စလောင်း**(ယာပုံ)**၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က စာအုပ်စာစောင်များနှင့် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးညွန့်ရွှေက သုတစာပေစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးနန္ဒိယက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်းများ

အောင်မြေသာယာ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအထိမ်းအမှတ် စာအုပ်များလှူဒါန်း

ပုလဲ ဒီဇင်ဘာ ၅

ပုလဲမြို့နယ် ဦးနှောက်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာရှိ အောင်မြေသာယာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အထိမ်းအမှတ် စာအုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၇ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်က စာကြည့်တိုက်များ ရေရှည်တည်တံ့ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာအုပ်စာစောင်တိုးပွားရေးအတွက် အလှူရှင်ရှာဖွေ၍ ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ မင်းတိုင်ပင် ပြန်/ဆက် ဦးစီးမှူးဦးမြင့်ဇော်က ရန်ပုံငွေ ထူထောင်နိုင်ရေးအတွက် ငွေကြေးပါသော စာငှားကတ်စနစ် အသုံးပြုရေးနှင့် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက်စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုအထိမ်းအမှတ်အဖြစ် စစ်ကိုင်းတိုင်းရှိစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကော်မတီမှ ဝယ်ယူထောက်ပံ့သည့် သုတစာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးမျိုးဝင်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ပင်ဖြစ်-ဝါးပြား ကျေးလက်လမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအတွက် ကျောက်များစုဆောင်းထားရှိမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ကျော်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းဇော်တို့ ကွင်းဆင်းကြပ်မတ်စဉ်။

(မြို့နယ်စည်ပင်)

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မိုးခိုင်နှင့်အဖွဲ့ ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာတွင် မြက်ခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၆ ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်း အမှတ်(၁) အထက်တန်းကျောင်း ကျောင်းဆောင်သစ်ပန္နက်တင်ပွဲနှင့် အာစရိယပူဇော်ပွဲ

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂

မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ယခင်အစိုးရ အထက်တန်းကျောင်း)၏ (၇၅)နှစ်ပြည့် စိန်ရတုပွဲတော်နှင့် (၂၅)နှစ်ပြည့် ငွေရတု အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ မော်လမြိုင်ကျွန်းမြို့ အထက(၁)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့

ဒီဇင်ဘာ ၂၅ ရက်တွင် စိန်ရတုပွဲတော်ဖွင့်ပွဲ၊ ကျောင်းဆောင်သစ်ပန္နက်တင်ပွဲနှင့် စာပေ၊ အားကစားနှင့် အဆိုပြိုင်ပွဲများကို ဒီဇင်ဘာ ၂၆ ရက် နံနက်တွင်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးမည်ဖြစ်၍ ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြရန်ဖြစ်ပြီး ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲတွင် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ ဦးကိုကိုလွင် ဥက္ကဋ္ဌ ကျင်းပရေးကော်မတီ ဖုန်း-၀၄၂-၅၀၅၆၆၊ ဦးအေးကြည် (ကျောင်းအုပ်ကြီး အထက-၁)ဖုန်း-၀၄၂-၅၀၀၀၃ နှင့် ဦးလှစိုး(ဥက္ကဋ္ဌ-ဘဏ္ဍာရေးကော်မတီ) ဖုန်း-၀၄၂-၅၀၂၁၃ တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၄၂)**

စာအုပ်စာစောင် တိုးပွားရေး မိုင်းငေါ့၌ ဆွေးနွေး

မိုင်းငေါ့ ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မိုင်းငေါ့မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နီလာစိုးနှင့် အဖွဲ့သည် နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ကွန်ဟောက်ကျေးရွာ သုတတံခွန်စာကြည့်တိုက်၌ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံပြီး စာအုပ်၊ စာစောင်တိုးပွားရေးအတွက် စာငှားကတ်ဖြင့် ငှားရမ်းခြင်းနှင့် စုဆောင်းရရှိသည့် စာအုပ်များ စနစ်တကျထိန်းသိမ်းရေး ဟောပြောဆွေးနွေးကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက သုတရသ မဂ္ဂဇင်း၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဦးစိုင်းဝင်းလှိုင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်စက်များကြံ့ခိုင်ရေး

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆားလင်းကြီး အထက ရွှေရတုအထိမ်းအမှတ်နှင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ဆားလင်းကြီး ဒီဇင်ဘာ ၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားနှင့် ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၉ရက် (စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း ပန်းမြတ်သဇင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများလှူဒါန်းနိုင်

ကန်တော့ခံ ဆရာကြီးဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဆားလင်းကြီး အထက ရွှေရတုအကြို မဂ္ဂဇင်းဝယ်ယူလိုသူများနှင့် အလှူငွေများလှူဒါန်းလိုသူများသည် ဒေါ်စန်းမြင့် (အထကကျောင်းအုပ်ဆရာမကြီး)၊ ဦးနေဝင်း(မြို့နယ်ပညာရေးမှူးရုံး) ဖုန်း-၀၇၁-၂၃၂၆၂နှင့် ဦးအောင်ဇော်ဦး ဖုန်း-၀၉-၆၅၄၁၂၁၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုဝင်ဘာ ၂၈ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းဆွေနှင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ဖျာပုံမြို့ အမှတ်(၄) မူလတန်းကျောင်း ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ဖျာပုံ ဒီဇင်ဘာ ၉

ဖျာပုံမြို့ (၅)လမ်းရှိ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခြေခံပညာမူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် မြတ်ဆရာပူဇော်ပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပါဝင်လိုပါက ရန်ကုန်မြို့တွင် ဒေါ်မေမေလွင် (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၅၁၅၃၄၁၄၊ ဒေါ်ခင်ဝင်းသော် (ဖျာပုံ မြို့နယ်အသင်း) ဖုန်း-၀၁-၅၄၆၅၁၂၊ ဖျာပုံမြို့တွင် ဦးဝေမြင့် ဖုန်း-၀၄၅-၄၁၁၉၄၊ ဦးလှဝင်း ဖုန်း-၀၄၅-၄၀၁၇၁၊ ဦးမြင့်အောင် (ဖိုးအောင်လေး) ဖုန်း-၀၄၅-၄၀၁၆၇၊ ဦးနေဝင်း ဖုန်း-၀၄၅-၄၀၈၀၁၊ ဒေါ်စိုးစိုးရီ ဖုန်း-၀၄၅-၄၀၆၇၉ နှင့် ဆရာဦးလှမျိုးတင့် (ကျောင်းအုပ်ဆရာကြီး၊ စံပြအမက) ဖုန်း-၀၄၅-၄၁၃၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(၁၃၈)***

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ စစ်သံမှူး Colonel Terry Siow Meng Meng အား ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**